ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (23-3-2008) (၅၆၃၁)

ရွာရန်ရာနှုန်း ၄၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ တပ်မတော်

ပြည်သူလူထုရဲ့ဘဝ မြင့်မားလာဖို့ ပြည်သူ့အကျိုးစီးပွားကို ထမ်းဆောင်တယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းတွေ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေပါ အကျုံးဝင်တယ်။ ဒါတွေဟာ မျိုးချစ်တပ်မတော်ရဲ့ အနှစ်သာရတာဝန်လို့ပဲ ဆိုရမယ်။ ဒါကြောင့် တပ်မတော်ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနေရမယ်။ ပြည်သူလူထုတစ်ရပ်လုံးကို အလုပ်အကျွေးပြုနေရမယ်။ ပြည်သူလူထုအတွင်းက ပေါက်ဖွားလာတဲ့ ငါတို့တပ်မတော်ဟာ ပြည်သူလူထုအတွက်ပဲ ဖြစ်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၈ ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံသမ္မတ မစ္စတာပါဗက်ဇ်မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၈ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဟာမက်မီယမ်ဆွမ်ရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

ရခိုင်ပြည်နယ်၏ ၃၆ စင်းမြောက်တံတား အမ်း–စစ်တွေ လမ်းပိုင်းပေါ်ရှိ ကျောက်တန်းတံတားဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ရခိုင်ပြည်နယ် ရန်ကုန်–စစ်တွေလမ်း၊ အမ်း–စစ်တွေလမ်းပိုင်း မိုင်တိုင်အမှတ် (၁၉၉/၃)ရှိ ကျောက်တန်းတံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်တို့ ကျောက်တန်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံကဏ္ဍ အညွှန်း

❒ **ရှေ့ဆက်၍ နိုင်ငံတော်သစ် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည့်လုပ်ငန်းများကို လက်ဆင့်ကမ်း တာဝန်ယူကြရမည့်သူများမှာ တပ်မတော်သားလူငယ်များ၊ အသိပညာရှင် အတတ်ပညာရှင်လူငယ်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းရင်းသားလူငယ်များ အားလုံးပင်ဖြစ်သည်။** လှိုင်အောင်၏ ***“လက်ဆင့်ကမ်းတာဝန်”*** (ဆောင်းပါး) စာမျက်နှာ–၆၊၇

❒ နှင်းမောင်(ဓနိကုန်း)၏ ***“အောင်တပ်မတော်”*** (ကဗျာ) စာမျက်နှာ–၇

❒ ရဲမင်းထက်၏ (ကာတွန်း) စာမျက်နှာ–၇

❒ **တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ** (ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ–၈

❒ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြား ဇာတ်လမ်း ပါဝင်သရုပ်ဆောင်သူများ၏ စိတ်ဝင်စားဖွယ် ပြောစကားများ** (သတင်းဆောင်းပါး) စာမျက်နှာ–၂၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၃-၂၀၀၈
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းစဉ်ဆက် နိုင်ငံနှင့်ပြည်သူ့အတွက် စွန့်လွှတ်စွန့်စား ကာကွယ်ခဲ့သည့်တပ်မတော်

တပ်မတော်သည် အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှု ဆောင်ရွက်ခဲ့ပြီး ယနေ့ကာလတွင်လည်း အဓိကတာဝန်ကြီး သုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ စွမ်းရည်ထက်မြက်စေရန် လေ့ကျင့်ရေး တာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ ပေါက်ဖွားလာခဲ့ပြီး ပြည်သူလူထုနှင့် လက်တွဲ၍ နိုင်ငံလွတ်လပ်ရေးရရှိစေရန် ဆောင်ကြဉ်းပေးနိုင်ခဲ့သော တပ်မတော်အဖြစ် ကမ္ပည်းတင်နိုင်ခဲ့သည်။ အမျိုးဘာသာ၊ သာသနာအတွက် အသက်ကို စွန့်လှူရန် အဓိဋ္ဌာန်ပြု စုစည်းမိခဲ့ကြသည်။ အမျိုးသားရေးကို အသက်နှင့်လဲ၍ အစဉ်ကာကွယ်စောင့်ရှောက်လာခဲ့သည့်အတွက် မျိုးချစ်တပ်မတော်ဟူသည့် အစဉ်အလာကို ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင်လည်း တပ်မတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာ၌ ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်နေသည်။

တပ်မတော်သားတိုင်းက သစ္စာလေးချက်ကို အသက်နှင့်ထပ်တူစောင့်ထိန်းရင်း စိတ်ဓာတ်ခိုင်မာမှုရှိခြင်း၊ ဖွဲ့သတ္တိနှင့် စွန့်လွှတ်စွန့်စားလိုစိတ်ရှိခြင်း၊ ရဲဘော်စိတ်နှင့် စည်းလုံးညီညွတ်မှုရှိခြင်း၊ ကျန်းမာကြံ့ခိုင်၍ တိုက်ရည်ခိုက်ရည် ပြည့်ဝခြင်း၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံခြင်းစသည့် အရည်အချင်းများ ပြည့်စုံနေစေရေး ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြသည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ယနေ့အချိန်အခါတွင်လည်း နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆက်လက်ကာကွယ်စောင့်ရှောက်လျက်ရှိပေသည်။

သမိုင်းအစဉ်အဆက် နိုင်ငံနှင့်ပြည်သူ့အတွက် စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သည့် တပ်မတော်သည် နိုင်ငံတော်၏မြေထု၊ ရေထု၊ လေထုပိုင်နက် နယ်နိမိတ်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေး ဆက်လက်ကာကွယ် စောင့်ရှောက်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)နှင့် ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် လိုက်ပါ၍ မတ် ၂၀ ရက် နံနက်ပိုင်းတွင် RBE အထူးရထားဖြင့် မြစ်ငယ်သို့ရောက်ရှိရာ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက တွဲသစ်တည်ဆောက်ခြင်း၊ RBE ရထားတွဲများ မွမ်းမံပြင်ဆင်ခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများ စက်ရုံဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ကြိုတင် အားဖြည့် ကွန်ကရစ် ဇလီဖားတုံးစက်ရုံ (မြစ်ငယ်)နှင့် ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒုဋ္ဌဝတီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် တံတားအမှတ်(၈၂၄) မြစ်ငယ်တံတား ကြံ့ခိုင်မှုကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ဆင်သေဘူတာနှင့် ရွှေမြို့အကြားရှိ တံတားအမှတ်(၄၅၃) ဆင်သေတံတား ကြံ့ခိုင်မှုများအား ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ဘူတာသစ် တည်ဆောက်နေမှုနှင့် ရထားလမ်း မြေသားတာပေါင်များကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နီပေါနိုင်ငံ စာပေလောက စာအုပ်မိတ်ဆက်ပွဲနှင့် စာနယ်ဇင်းအလှူငွေ ပေးအပ်

ရန်ကုန် မတ် ၂၂

စာရေးဆရာမျိုးဝင်း၏ နီပေါနိုင်ငံ စာပေလောက သိကောင်းစရာ(ကဗျာကဏ္ဍ)စာအုပ်မိတ်ဆက်ပွဲကို မတ် ၂၁ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး Ms. Guna Laxmi Sharma (Vishwakarma) နှင့် သံရုံးဝန်ထမ်းများ၊ စာပေနှင့်စာနယ်ဇင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဩဝါဒစကား

စာရေးဆရာကြီး ထီလာစစ်သူက နီပေါနိုင်ငံ စာပေလောက သိကောင်းစရာ(ကဗျာကဏ္ဍ)စာအုပ် မိတ်ဆက်ပွဲတွင် ဩဝါဒစကားပြောကြားစဉ်။
(သတင်းစဉ်)

အခမ်းအနားတွင် စာရေးဆရာကြီး ထီလာစစ်သူက ဩဝါဒစကားပြောကြားပြီး ဆရာကြီး ဦးတင်မောင်(ရှုထောင့်မြန်မာစာ)က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် စာအုပ်ထွက်ရှိရေး ကူညီတည်းဖြတ်ပေးသူ စာရေးဆရာမ ဖြိုးသာရက စာရေးသူအကြောင်းနှင့် စာအုပ်အကြောင်း မိတ်ဆက်ပေးသည်။ အဆိုပါ စာအုပ်သည် မြန်မာနိုင်ငံ၌ မပေါ်ပေါက်ခဲ့ဖူးသေးသော နီပေါ (နေပါလီဘာသာ)မှ မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုသော ကဗျာများ ပါဝင်သည်။ နီပေါ စာပေပညာရှင်ကြီးကိုးဦးတို့၏ ရသစုံကဗျာများကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာစလုံး စာရေးဆရာမျိုးဝင်းက ပြန်ဆိုရေးသားထားပြီး နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်စသည့် သိမှတ်ဖွယ်ရာ အကြောင်းအရာများကို ထည့်သွင်းဖော်ပြထားသည်။

ဆက်လက်၍ စာရေးဆရာ မျိုးဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့သို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရူပဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ရူပဗေဒ (၁၉၇၂-၇၇) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသားဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးသန်းလင်း ဖုန်း-၅၄၉၀၉၀၊ ဒေါ်ရီရီဝင်းရှိန် ဖုန်း-၅၀၇၀၃၈၊ ဦးမြင့်ဝင်း ဖုန်း-၅၁၁၄၇၇၊ ၂၂၀၇၆၄၊ ဦးချစ်စိန် ဖုန်း-၂၈၀၉၀၂နှင့် ဒေါ်ခင်တင့် ဖုန်း-၅၃၁၄၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကွယ်လွန်သူ ဖခင်ကြီး ဦးလှကျော်အား ရည်စူး၍ မိခင်ကြီး ဒေါ်မြကြိုင်၊ သားကြီး ဦးခင်မောင်ဦး၊ သမီးကြီး ဒေါ်ခင်အေးသန်း၊ သမီး ဒေါ်ခင်ဌေးဌေးဝင်း မိသားစုတို့က ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ထာဝရငွေပဒေသာပင်သို့ အလှူငွေကျပ်တစ်သိန်းကို အသင်းဥက္ကဋ္ဌ ဦးညွန့်စိန်(မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌကလျာဏဉာဏဓဇ)ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

နေ့စဉ်သံဃိကဒါန အရုဏ်ဆွမ်းလောင်းလှူရေး မင်းလှရေယာဉ်ဝန်ထမ်းနှင့် ခရီးသည်များငွေလှူ

ဖျာပုံ မတ် ၂၂

ဖျာပုံခရိုင် ဖျာပုံမြို့မ သံဃာ့ဒါနဆွမ်းလောင်းအသင်းက ကြီးမှူး၍ စေတနာရှင်ပြည်သူတို့၏ လှူဒါန်းမှုဖြင့် ကျောင်းပေါင်း ၆၀ ကျော်မှ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား ဝါပကာလအတွင်း ဖျာပုံမြို့ ရတနာ့သိဒ္ဓိ သာသနဗိမာန်တော်ကြီး၌ နေ့စဉ် သံဃိကဒါန အရုဏ်ဆွမ်းများ မပြတ်လောင်းလှူလျက်ရှိရာ ရန်ကုန်-ဖျာပုံ(ည)ပြေးဆွဲလျက်ရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ မင်းလှရေယာဉ်ဝန်ထမ်းမိသားစုများနှင့် ခရီးသွားပြည်သူများ စုပေါင်း၍ ရတနာ့ သိဒ္ဓိ သာသနဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၂၉ ရက်က အရုဏ်ဆွမ်း နှစ်ရက်အတွက် အလှူငွေ ကျပ် ၃၀၀၀၀၀ နှင့် ထာဝရ ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းငွေကျပ် ၅၈၂၀၀၀ အား မင်းလှရေယာဉ်မှူး ဦးသိန်းထွန်းက ပေးအပ်လှူဒါန်းရာ မြို့မသံဃာ့ဒါန ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဒေါက်တာစံဦးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(၅၄၀)

အဘိုး၊ အဘွား၊ မိဘနှစ်ပါးနှင့် တူဖြစ်သူမောင်မင်းသက်အားရည်စူး၍ တောင်ငူမြို့ ၁၁ လမ်းနေ ဒေါ်ခင်မြင့်နွယ်(ရွက်လှအမျိုးသမီးဆော်ဒါဆောင်) မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချအနုမောဒနာတရား နာယူပြီး အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနေ အလှူရှင် ဦးထွန်းတင် အသက်(၈၀)ပြည့် မွေးနေ့အတွက် ဦးထွန်းတင်-ဒေါ်စန်းစန်း၊ သမီး နီလေးလွင်၊ သား မောင်ဇော်မင်း မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ ကို ဦးသိန်းထိုက်ဦး(အတွင်းရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ ဝန်ထမ်းများအား မတ် ၂၀ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ့ရုပ်ရှင် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့ အနေဖြင့် မိမိတို့ဌာနအလိုက် ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အတွက် ဝန်ထမ်းများအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်မှုမှာ ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း အလားတူ ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဗဟန်းမြို့နယ်ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ဆေးရုံအသင်း နှစ်ပတ်လည် အစည်းအဝေး(၂၀၀၇)ကို ယနေ့ နံနက် ၁၀နာရီခွဲက အဆိုပါ ဆေးရုံကြီး ရာဇဂြိုဟ်ဆောင် အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ဆေးရုံအုပ်ချုပ် ရေးအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူး ဦးမောင်မောင်က တင်သွင်း၍ ဘဏ္ဍာရေးမှူး ဦးတင်လှက ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာကို တင်သွင်းသည်။ ထို့နောက် အသင်းသားများ၏ မေးမြန်းလိုသည့် အချက်များနှင့် အကြံပြုချက်အပေါ် ပြန်လည်ရှင်းလင်းပြီး နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြသည်။ (ကြေးမုံ)

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇော်ပွဲနှင့် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၂

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဘွဲ့ရဆရာတော်လေးပါးအား ဂုဏ်ပူဇော်ပွဲကို ဧပြီ ၅ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးအား လှူဒါန်းပူဇော်ခြင်း၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်ရသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၇ခုနှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ မြို့နယ်အသင်းသို့ ငွေလှူဒါန်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့်နံနက်စာဖြင့်တည်ခင်းဧည့်ခံခြင်းများစီစဉ်ဆောင်ရွက်ထားမည်။

အသင်းသူ၊ အသင်းသားများမှ အသက် ၇၅နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူများစာရင်းကို ဦးထွန်းရီ(ဥက္ကဋ္ဌ) ဖုန်း-၅၁၈၃၇၈၊ ဦးအေးဝင်း ဖုန်း-၃၉၄၅၁၂၊ ဦးလှသောင်း ဖုန်း-၆၆၇၈၁၈၊ ဦးလှဝင်း ဖုန်း-၇၂၆၂၆၄၊ ဦးမောင်မောင် ဖုန်း-၅၄၁၈၁၈၊ ဒေါ်မူမူလှ ဖုန်း-၅၇၃၇၇၈၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၂၂၆၂၅၀၊ ဒေါ်ကြင်စိန် ဖုန်း-၂၉၄၄၈၄သို့ထံ အချိန်မီပေးပို့ကြရန်နှင့် အလှူငွေများကို အစည်းအဝေးကျင်းပသည့်နေ့တွင် အလှူခံဌာန၌ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝတ်စားဆင်ယင်မှုပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၂

ရန်ကုန်စီးပွားရေးတက္ကသိုလ် အားကစားနှင့် ကာယပညာ ကော်မတီနှင့် အနုပညာအသင်းမှ ကြီးမှူးကျင်းပသော ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် ဆုပေးပွဲကို မတ် ၂၀ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ ပြိုင်ပွဲသို့ ပါမောက္ခချုပ် ဒေါက်တာကံဇော်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ တွဲဖက်ပါမောက္ခများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကျောင်းသူ ၃၇ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ**(ယာပုံ)** ပထမဆုကို နှင်းပွင့်ဖြူ (တတိယနှစ်-B.Com)၊ ဒုတိယဆုကို စန်းသီရိသန်း (တတိယနှစ်-B.Act)နှင့် တတိယဆုကို မသန်းသန်းဦး (ဒုတိယနှစ်-B.Act)တို့ ဆွတ်ခူးရရှိကြသည်။ နှစ်သိမ့်ဆု (၁)ကို ဒေလီယာ(တတိယနှစ်-B.Com)နှင့် နှစ်သိမ့်ဆု(၂)ကို မသီတာထွန်း (ဒုတိယနှစ်-B.Com)တို့က ရရှိပြီး ပါမောက္ခချုပ် ဒေါက်တာကံဇော်နှင့် ပါမောက္ခ၊ ဆရာ၊ ဆရာမများက ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၄၄)

ကမ္ဘာတစ်လွှားထူးချွန်ထင်ရှားလူငယ်များ

ကမ္ဘာပေါ်တွင် ကဏ္ဍအလိုက် ထူးချွန်ထင်ရှားသောပုဂ္ဂိုလ်များပေါ်ထွက်လျက်ရှိနေသည်။ ထိုသို့ပေါ်ထွက်လျက်ရှိသည့် ထူးချွန်ထင်ရှားသူ ပုဂ္ဂိုလ်များအနက် နုနုငယ်ငယ်လူငယ်လူရွယ် လူငယ်မောင်မယ်များလည်း ပါဝင်နေသည်မှာ အားကျအတုယူဖွယ်ဖြစ်သည်။

အသက်အငယ်ဆုံး အာကာသယာဉ်မှူး

၁၉၆၁ခုနှစ် ဩဂုတ် ၆ရက်က ရုရှားနိုင်ငံမှ လွှတ်တင်ခဲ့သည့် ဗော့စတော့-၂ အာကာသယာဉ်ဖြင့် လိုက်ပါသွားခဲ့သူ ဗိုလ်မှူး ဂါးမန်းစတီပါနိုဗစ်ချ်တီတော့ဗ်၏အသက်မှာ ၂၅နှစ်နှင့် ၃၂၉ရက်ဖြစ်ရာ အသက်အငယ်ဆုံး အမျိုးသား အာကာသယာဉ်မှူးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်း၏မွေးခုနှစ်မှာ ၁၉၃၅ခုနှစ် စက်တင်ဘာလ ၁၁ရက်ဖြစ်သည်။

ထို့အတူ အမျိုးသမီးအာကာသယာဉ်မှူးများအနက် အသက်အငယ်ဆုံးမှာ ရုရှားနိုင်ငံသူ ဗလင်တီနာထရက်ရှ်ကိုဗာဖြစ်သည်။ ထို့အပြင် သူမသည် ပထမဆုံးအမျိုးသမီး အာကာသသူရဲလည်းဖြစ်သည်။ ဗလင်တီနာထရက်ရှ်ကိုဗာသည် ၁၉၆၃ခုနှစ် ဇွန် ၁၆ရက်က လွှတ်တင်ခဲ့သည့် ရုရှားအာကာသယာဉ် ဗော့စတော့-၆ဖြင့် လိုက်ပါခဲ့စဉ်က အသက် ၂၆နှစ်နှင့် ၁၀၂ရက်ရှိပြီးသူမ၏ မွေးခုနှစ်မှာ ၁၉၃၇ခုနှစ် မတ် ၆ရက်ဖြစ်ကြောင်း သိရသည်။

အသက်အငယ်ဆုံး ရုပ်ရှင်ဒါရိုက်တာ

၂၀၀၆ခုနှစ်က အိန္ဒိယနိုင်ငံတွင် ပြသခဲ့သည့် ကျောင်းနေချင်သည့် မိဘမဲ့ ကလေးတစ်ဦး၏ဘဝကို သရုပ်ဖော်ထားသော “Footpath”အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ပူးတွဲဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သူမှာ ကီရှန်းရှရီကန်ဆိုသူ ယောကျ်ားလေး **(အောက်ပုံ)**မှာ အသက်အားဖြင့် (၉)နှစ်သာ ရှိသေးသည်။ သူ၏မွေးခုနှစ်မှာ ၁၉၉၆ခုနှစ် ဇန်နဝါရီ ၆ရက်ဖြစ်သည်။

တစ်ချက်တည်းကျင်းဝင်သူ အသက်အငယ်ဆုံးအမျိုးသမီး

ဂေါက်သီးရိုက်အားကစားတွင် ဖြစ်တောင့်ဖြစ်ခဲ Hole in one (တစ်ချက်တည်းဖြင့် ကျင်းဝင်) ပါက ဂုဏ်ပြုဖော်ပြကာ မှတ်တမ်းတင်လေ့ရှိသည်။ ထိုသို့သော ရှားရှားပါးပါးဖြစ်ရပ်များအနက် တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သူ အသက်အငယ်ဆုံး အမျိုးသမီးဂေါက်သီးအားကစားသမားတစ်ဦး ပေါ်ပေါက်ခဲ့သည်။ အဆိုပါအမျိုးသမီးငယ်မှာ ဗြိတိန်သူ Rhiannon Linacre ဖြစ်သည်။ ၂၀၀၆ခုနှစ် ဇွန်လ ၁၈ရက်က ယူနိုက်တက်ကင်းဒမ်းနိုင်ငံ နော့တင်ဟမ်ရှိုင်းယားရှိ ကောက်စ်မိုးဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်း အမှတ် ၁၇တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့စဉ်က သူမ၏အသက်မှာ ၉နှစ်နှင့် ၇၅ရက်သာ ရှိသေးသည်။

အသက်အငယ်ဆုံးဘောလုံးနည်းပြ

၂၀၀၆ခုနှစ် ဇွန် ၃ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရက်ဒ်ဝုဒ်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ကြသည့် အဗန်နာအသင်းနှင့် အော့ချဒ်အသင်းတို့ ပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့သူ မီလ်ကော့ဗ်စကီဆိုသူ ယောကျ်ားကလေးသည် အသက် ၁၀နှစ်နှင့် ၃၅၈ရက်သာ ရှိသေးသည်။

အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲဝင် အသက်အငယ်ဆုံးဘောလုံးသမား

ချီလီနိုင်ငံ စန်တီယာဂိုမြို့၌ ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၀ရက်က ကျင်းပသည့် ကိုလိုကိုလိုအသင်းနှင့် စန်တီယာဂိုဝမ်ဒါရာအသင်းတို့ ယှဉ်ပြိုင်ကစားသည့် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပွဲတွင် ပွဲကစားချိန် ၇၉မိနစ်၌ ကိုလိုကိုလိုအသင်းမှ လူစားဝင်ကစားခဲ့သူ နီကိုလပ်စ်မီလန်သည် ထိုစဉ်က အသက် ၁၄နှစ်နှင့် ၂၉၇ရက်သာ ရှိသေးသည်။

အသက်အငယ်ဆုံး စာရေးဆရာများ

အပျော်ရေးသားခြင်းမဟုတ်ဘဲ စီးပွားရေးအရ စာအုပ်ရေးသားထုတ်ဝေခဲ့သူ စာရေးဆရာများအနက် အသက်အငယ်ဆုံး စာရေးဆရာမမှာ ဒေါရသီစထရိတ်ဆိုသူ အမေရိကန်အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး ၁၉၆၂ခုနှစ်တွင် How the World Began စာအုပ်ကို ရေးသားခဲ့ရာ ထိုစဉ်က သူမ၏အသက်မှာ (၄)နှစ် သာရှိသေးသည်။ သူမ၏ မွေးခုနှစ်မှာ ၁၉၅၈ခုနှစ် မေ ၂၅ရက်ဖြစ်ပြီး အဆိုပါစာအုပ်ကို ၁၉၆၄ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့သည်။

ထို့အတူ အသက်အငယ်ဆုံး အမျိုးသားစာရေးဆရာမှာ Aprender è Facil စာအုပ်ကို ရေးသားထုတ်ဝေခဲ့သူ ဘရာဇီးနိုင်ငံသား အဒေါ်တိုကိုဗာလ်စကီဆီလ်ဗာဆိုသူဖြစ်ပြီး သူ့အသက်မှာ ၅နှစ်နှင့် ၃၀၂ရက်ဖြစ်သည်။ အဆိုပါစာအုပ်ကို ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ထုတ်ဝေဖြန့်ချိခဲ့သည်ဟု ဆိုသည်။

အမေရိကန်၏ အီရတ်မူဝါဒအား အီဂျစ်သတင်းစာများ ဝေဖန်

ကိုင်ရို မတ် ၂၂

အီဂျစ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့ကထုတ်ဝေသော သတင်းစာကြီးများ၌ အီရတ်နိုင်ငံအပေါ်ထားရှိသော အမေရိကန်အစိုးရ၏မူဝါဒကို ပြင်းထန်စွာ ဝေဖန်ခဲ့ကြသည်။

အီရတ်နိုင်ငံသည် ခေတ်သစ်သမိုင်းတွင် အဆိုးရွားဆုံးသော အခြေအနေကို ခံစားနေရကြောင်း၊ အီရတ်ပြည်သူတို့သည် အမေရိကန်စစ်တပ်၏ ရက်စက်ကြမ်းကြုတ်စွာသိမ်းပိုက်ထားမှုအောက်၌ နေထိုင်ရကြောင်း အယ်လ်အာရမ်သတင်းစာခေါင်းကြီးပိုင်းတွင် ဗုဒ္ဓဟူးနေ့က ရေးသားထားသည်။

လွန်ခဲ့သောငါးနှစ်က အမေရိကန်သည် လက်နက်ဖျက်သိမ်းရေး ဟူသောအကြောင်းပြချက်ဖြင့် လည်းကောင်း၊ အီရတ်ပြည်သူတို့ထံ လွတ်လပ်မှုနှင့် ဒီမိုကရေစီ ယူဆောင်လာမည်ဟု မက်လုံးပေး၍ လည်းကောင်း အီရတ်စစ်ပွဲကို စတင်ခဲ့သည်။

သို့သော်လည်း ယခုအခါ အီရတ်ပြည်သူတို့သည် အမေရိကန်တို့ ပြောသကဲ့သို့လွတ်လပ်မှုလည်းမရ၊ဒီမိုကရေစီလည်းမခံစားရကြောင်း၊ အီရတ်ပြည်သူတို့၏ နေ့စဉ်ဘဝမှာ ဗုံးပေါက်ကွဲခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းတို့ဖြင့်သာပြည့်နှက်နေသည်။

နိုင်ငံတကာဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာကိုကိုးကား၍ ရေးသားရာ၌ အီရတ်ပြည်သူလေးဦးတွင်သုံးဦးသည် သောက်ရေချို့တဲ့နေကြောင်း၊ သုံးပုံတစ်ပုံသည် အသက်ရှင်သန်မှုအတွက် အရေးပေါ်ပေးအပ်သော အကူအညီအပေါ် မှီခိုအားထားနေရကြောင်း၊ လူဦးရေ၏ ထက်ဝက်သည် အလုပ်လက်မဲ့ဖြစ်နေကြကြောင်းအယ်လ်အာရမ်သတင်းစာက ရေးသားသည်။

အစီရင်ခံစာများအရ စစ်ပွဲစကတည်းက ရေတွက်လျှင် အီရတ်စစ်ပွဲအတွင်း သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၄၀၀၀ နီးပါးရှိနေပြီဖြစ်သည်။

အီရတ်စစ်ပွဲ အပျက်အစီးများကို အမှန်အတိုင်းလေ့လာဆန်းစစ်၍ တင်ပြထားသော ဝက်ဘ်ဆိုက်တစ်ခုအရ လွန်ခဲ့သော ငါးနှစ်ကျော်ကာလအတွင်း သေဆုံးသူ အီရတ်ပြည်သူပေါင်းမှာ ၉၀၀၀၀ ခန့်ရှိပြီဖြစ်သည်။

၎င်းအပြင် အီရတ်ပြည်သူလေးသန်းခန့်မှာလည်း နေအိမ်အတည်တကျ မရှိသေးပေ။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ သန်းပေါင်းများစွာသော ပြည်သူတို့သည် သန့်ရှင်းသောသောက်ရေနှင့် ကျန်းမာရေး ကုသစောင့်ရှောက်ခံရမှု ချို့တဲ့နေဆဲဖြစ်သည်ဟု ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီစတာပွဲတော်ရက်အတွင်း အယ်လ်ဆာဗေးဒိုး၌ သေဆုံးသူ ၂၉ ဦးရှိ

မက္ကဆီကိုစီးတီး မတ် ၂၂

အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် အီစတာပွဲတော်ရက်များအတွင်း ယခုအထိ သေဆုံးသူ စုစုပေါင်း ၂၉ ဦးရှိပြီး အများစုမှာ ကားမတော်တဆမှုများကြောင့် ဖြစ်သည်ဟု မြို့တော်ဆန်ဆာဗေးဒိုးမှလာသော သတင်းများအရ သိရကြောင်း ဆင်ဟွာသတင်း ဌာနက သောကြာနေ့တွင် ဖော်ပြသည်။

တနင်္ဂနွေနေ့မှ ကြာသပတေးနေ့အထိ ကောက်ယူသော စာရင်းများအရ သေဆုံးသူ ၂၉ ဦးတွင် ကားမတော်တဆမှုကြောင့် ၂၁ ဦးရှိပြီး ကျန်ရှစ်ဦးမှာ ရေနစ်၍ဖြစ်သည်။ ကားမတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၃၂၆ဦး ရှိသည်။

အီစတာပွဲတော်ကာလ အပန်းဖြေခရီးထွက်ကြရာတွင် ကားများကို ဂရုတစိုက်မောင်းနှင်ကြရန်နှင့် မည်သည့်မတော်တဆမှုများကိုမျှ မဖြစ်ရန် တာဝန်သိစွာ ရှောင်ကြဉ်ကြရန် ပြည်သူများအား မြို့ပြကာကွယ်ရေးလုပ်ငန်းက နှိုးဆော်ထားသည်။ ယခုနှစ်တွင် အယ်လ်ဆာဗေးဒိုးနိုင်ငံ၏ အီစတာပွဲတော်ရက်မှာ မတ် ၁၄ ရက်မှ မတ် ၂၅ ရက်အထိ ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများ ကန့်ကွက်ဆန္ဒပြနေကြသည်ကို မတ် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၄၀၀၀ နီးပါးရှိပြီ

ဘဂ္ဂဒက် မတ် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်ရှိ ဒီယားလားပြည်နယ်တွင် အမေရိကန်စစ်ဘက်ယာဉ်တစ်စီးတိမ်းမှောက်သွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာထုတ်ပြန်ချက်က မတ် ၂၀ရက်တွင် ကြေညာသည်။

အဆိုပါကြေညာချက်တွင် အဆိုပါတပ်ဖွဲ့ဝင်မောင်းနှင်လာသောကားသည် တိမ်းမှောက်သွား၍ သေဆုံးရခြင်းဖြစ်ကြောင်းသာ ရေးသားထားသည်။ ဖြစ်ပွားရာနေရာ အတိအကျကို ထုတ်ဖော်ကြေညာခြင်းမရှိပေ။

ဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ ၂၀၀၃ခုနှစ် မတ်လအတွင်း အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ချိန်မှ ယနေ့အထိ အီရတ်နိုင်ငံ၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၃၉၉၀ ကျော်သွားပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တူရကီတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံပေါက်ကွဲ အလုပ်သမားလေးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

အန်ကာရာ မတ် ၂၂

တူရကီနိုင်ငံအလယ်ပိုင်းတွင် တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် မတ် ၂၀ ရက်က ပေါက်ကွဲမှု ဖြစ်ပွားသည့်အတွက် အလုပ်သမားလေးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အနာတိုလီယာသတင်းအေဂျင်စီက ထုတ်ပြန်သည်။

ပေါက်ကွဲမှုဖြစ်ပွားရာနေရာသည် အနာတိုလီယာပြည်နယ် ခရမ်မန်မာရပ်အရပ်တွင်ဖြစ်ပြီး ပေါက်ကွဲမှု ဖြစ်ပွားရသည့်အကြောင်းကို ချက်ချင်းမသိရသေးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးကပြောကြားသည်။ ယင်းစက်ရုံသည် ပုဂ္ဂလိကပိုင်စက်ရုံဖြစ်ကြောင်းသာ ပြောကြားပြီး အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေတံခါးပေါက် ကွဲထွက်သွားပြီး လုပ်သားလေးဦး ရေနစ်သေဆုံးရခြင်းဖြစ်ကြောင်း မီဒီယာသတင်းက ဖော်ပြသည်။

မကြာသေးမီအတွင်းက တူရကီသတ္တုတွင်းများတွင် မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ထိုအခြေအနေကြောင့်တူရကီတွင်လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး တင်းတင်းကျပ်ကျပ်ဆောင်ရွက်နေစဉ်ဓာတ်အားပေးစက်ရုံ မတော်တဆမှုဖြစ်ပွားရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

သီရိလင်္ကာနိုင်ငံ ကိုလံဘို ဆင်ခြေဖုံးဒေသများတွင် လုံခြုံရေးကင်းလှည့်နေသော သီရိလင်္ကာတပ်ဖွဲ့များကို မတ် ၂၁ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချက်နိုင်ငံတွင် နှင်းမုန်တိုင်း ကျရောက် ကားအစီး ၁၀၀ကျော်အတွဲလိုက်တိုက်မှုဖြစ်ပွား

ပရာဟာ မတ် ၂၂

ချက်သမ္မတနိုင်ငံ ပရာဟာမြို့နှင့် ဆက်သွယ် ဖောက်လုပ်ထားသော ဒီ-၁ အဝေးပြေးလမ်းမပေါ်တွင် မတ် ၂၀ရက်က ကား ၁၁၆စီးတို့ ယာဉ်တစ်စီးနှင့်တစ်စီးဆက်၍တိုက်သော အတွဲလိုက်ယာဉ်တိုက်မှု ဖြစ်ပွားရာ ၃၀ ဒဏ်ရာရရှိသွားကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။

ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် နှင်းမုန်တိုင်းကျလျက်ရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသွားသူများအနက် ခြောက်ဦး၏ အခြေအနေမှာ ဆိုးရွားသည်ဟု ဆိုသည်။ ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာများက အနီးဆုံးဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။ လူနာတင်ကားများမှာ ယာဉ်ကြောအတွင်း ပိတ်မိနေသဖြင့် လူနာများကို သယ်ယူရာ၌ ရဟတ်ယာဉ်များက အကူအညီပေးရသည်ကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ စီတီကေသတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်သမားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများ ပူးပေါင်းပါဝင်ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရာတွင် နျူကလီးယား အရေးပါ ဂျပန်အဏုမြူစွမ်းအင်ကော်မတီအစီရင်ခံစာ၌ဖော်ပြ

တိုကျို မတ် ၂၂

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုစိန်ခေါ်မှုများနှင့်ကြုံတွေ့နေလျက်ရှိရာ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှု တိုးမြှင့်ရေးသည် လွန်စွာအရေးပါကြောင်း ဂျပန်အဏုမြူစွမ်းအင်ကော်မတီက သောကြာနေ့တွင် ပြောကြားသည်။

ကျိုတိုစာချုပ်၏ ရည်မှန်းချက်အောင်မြင်စေရန်အတွက် ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ မူဘောင်အရ အရေးပါသည့်ကဏ္ဍဖြစ်သည့် အဏုမြူ စွမ်းအင်တိုးမြှင့်အသုံးပြုရန် ဂျပန်အစိုးရက ကြိုးပမ်းမည်ဟု နျူကလီးယားကော်မရှင်က ဝန်ကြီးအဖွဲ့သို့ တင်သွင်းသည့် နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုသည် နျူကလီးယားစွမ်းအင် အသုံးပြုခြင်းကြောင့် လေထုအပူရှိန် မြင့်မားစေသည့်ဓာတ်ငွေ့ ထုတ်လုပ်မှုမရှိဘဲ ကမ္ဘာကြီး ပူနွေးမှုတိုက်ဖျက်ရာတွင် ထိရောက်သောနည်းလမ်းဖြစ်သည်ဟု သိရှိနေကြကြောင်း ကော်မရှင်၏ ၂၀၀၇ ခုနှစ်စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယသမ္မတနိုင်ငံ ဘင်္ဂလားဒေသတွင် နွေဦးရာသီပွဲတော် ဆင်နွှဲနေကြသူများကို မတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကနေဒါစစ်တပ်၏ အကြမ်းဖက်နှိမ်နင်းရေးအစီအမံစာရွက်စာတမ်းများ အမှိုက်ပုံအတွင်းတွေ့ရှိမှု စုံစမ်းစစ်ဆေးမည်

အော့တဝါ မတ် ၂၂

ကနေဒါနိုင်ငံ စစ်တပ်၏ အထူးအကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဆိုင်ရာ အစီအမံမူကြမ်း စာရွက်စာတမ်းများကို အမှိုက်ပုံအတွင်း၌တွေ့ရှိရသည့်ကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး စတော့ခ်ဝဲလ်ဒေးက မတ် ၂၀ရက်တွင် ပြောကြားသည်။

စစ်ဘက်အကြမ်းဖက် နှိမ်နင်းရေးတပ်ဖွဲ့ရုံးသည် အွန်တာရီယိုမြို့ ထရန်တွန်တွင်အခြေစိုက်သည်။ အကယ်၍ လူအမြောက်အမြား သေစေနိုင်သော လက်နက်မျိုးဖြင့် တိုက်ခိုက်ခံရပါက မည်သို့တုံ့ပြန်ရမည်ဆိုသော အစီအမံများကို ထိုအဖွဲ့ကတာဝန်ယူကိုင်တွယ်ရသည်။

ဖိုင်တွဲခုနစ်တွဲ

အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး ဖိုင်တွဲခုနစ်ခုသည် ကာကွယ်ရေးဝန်ကြီးဌာန စာရွက်စာတမ်းများနှင့်အတူ သိမ်းဆည်းထားသည်။ ထိုဖိုင်များ အနက် တစ်ခုကို အော့တဝါလမ်းတစ်လမ်းရှိ အမှိုက်ပုံပေါ်တွင် လမ်းသွားလမ်းလာတစ်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စနှင့် ဆက်စပ်နေသော ကျန်ဖိုင်တွဲ ခြောက်တွဲမှာလည်း ပျောက်ဆုံးနေဆဲ ရှိသည်။

လမ်းသွားလမ်းလာက တွေ့ရှိပြီးနောက် အော့တဝါစီတီဇင် သတင်းစာသို့ပေးပို့သောဖိုင်တွင် အဆောက်အအုံ၏တည်ဆောက်မှုပုံစံများ၊ လျှပ်စစ်သွယ်တန်းမှုအစီအမံများ၊ ဓာတုနှင့်ဇီဝလက်နက်များကို ထောက်လှမ်းနိုင်သည့် ရိုဘော့စက်ရုပ်ဒီဇိုင်းများစသည့် အချက်အလက်များ ပါရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ငါးမန်းဆူးတောင်များ

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဆူလူကျွန်းတွင် တံငါသည်များ ငါးမန်းဆူးတောင်များ သယ်ဆောင်လာသည်ကို မတ် ၂၁ ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

နိုင်ငံတကာသတင်းများ

ယူရိုငွေအတုဂိုဏ်း ဘူလ်ဂေးရီးယားတွင်ဖမ်းမိ

ဆိုဖီယာ မတ် ၂၂

ဘူလ်ဂေးရီးယားနိုင်ငံသား နှစ်ဦးကို ယူရိုငွေအတု တန်ဖိုး ၃၅၀၀၀၀နှင့်အတူ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း ဘူလ်ဂေးရီးယား ပြည်ထဲရေးဌာနက မတ် ၂၀ရက်တွင် ပြောကြားသည်။

ဖမ်းဆီးမိသော ယူရိုငွေများမှာ ဥရောပသမဂ္ဂဒေသအတွင်း၌ ဖြန့်ဝေရန် ရည်ရွယ်ထားသော ငွေများဖြစ်ကြောင်း သိရသည်။ ယူရိုပိုလ်(ဥရောပရဲတပ်ဖွဲ့)၊ ဂျာမနီရဲတပ်ဖွဲ့၊ ဩစတြီးယားရဲတပ်ဖွဲ့နှင့် ဘော့စနီးယားရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် အဆိုပါငွေတုဂိုဏ်းကို ဖော်ထုတ်ဖမ်းမိခြင်းဖြစ်သည်။

ပူးပေါင်းရဲတပ်ဖွဲ့သည် ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တော်၏ နေရာအတော်များများကို ဝင်ရောက်စီးနင်းရာ ငွေတုပုံနှိပ်စက်၊ နိုင်ငံကူးလက်မှတ်အတုနှင့် တရားမဝင်လက်နက်အချို့ကို ဖမ်းဆီးရမိသည်။

ဖမ်းမိသောယူရိုငွေအတုများသည် အရည်အသွေးမြင့်မားသော ငွေတုများဖြစ်ကြောင်း၊ ငွေတုဖမ်းနိုင်ရန် စီမံထားသည့် အရေးကြီးသော အမှတ်အသားဘခုပါသည့်အနက် ခုနစ်မျိုးကို တုအောင်ဖန်တီးထားနိုင်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ယီမင်အဆိုပြုချက် ဟားမတ်စ်လက်ခံလျှင် ပါလက်စတိုင်း အမျိုးသားဆွေးနွေးပွဲစတင်မည်

ဆာနား မတ် ၂၂

ပါလက်စတိုင်းပြိုင်ဘက်အုပ်စုနှစ်စုဖြစ်သော ဖာတာနှင့်ဟားမတ်စ်တို့အကြား ရန်မီးပွားမှုကို အဆုံးသတ်ရန် ယီမင်လမ်းညွှန်ကို ဟားမတ်စ်က လက်ခံမည်ဆိုလျှင် ပါလက်စတိုင်းအမျိုးသားဆွေးနွေးပွဲ ကို စတင်ရန် ဖာတာတာဝန်ရှိသူများက အဆင်သင့်ရှိနေမှာဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားလိုက်သည်။

နှစ်ဖက်အုပ်စုမှကိုယ်စားလှယ်များသည် ယီမင်သမ္မတအလီအဗ္ဗဒူလာဆာလေနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ သို့သော် ဟားမတ်စ်ခေါင်းဆောင်ခါလဖ် မီးရှယ်လ်နှင့် ဖာတာခေါင်းဆောင် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်တို့ မပါဝင်သဖြင့် သဘောတူညီမှု တစ်စုံတရာရရှိဖွယ် မရှိနိုင်ပေ။

ဟားမတ်စ်အစွန်းလာမ်မစ်များက ဖာတာတပ်ဖွဲ့များကို မောင်းထုတ်၍ ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားခဲ့ကြသည်။ ထို့နောက် အဘတ်စ်သည် ဟားမတ်စ်ဦးဆောင်သော အစိုးရအဖွဲ့ကိုထုတ်ပယ်၍ အနောက်နိုင်ငံများက ထောက်ခံသောအစိုးရကို အသိမ်းပိုက်ခံအနောက်ဘက်ကမ်းတွင် ဖွဲ့စည်းခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့ဗ်တို့အား အနောက်ဘက်ကမ်း ရာမာလ်လက်ချ်တွင် မတ် ၂၁ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်၌ ကျားကိုက်ခံရ၍ ခြောက်ဦးသေဆုံး

ခူလ်နာ(ဘင်္ဂလားဒေ့ရှ်) မတ် ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆန်ဒါဘန် ဒီရေရောက်ဝန်းကျင်ရှိ ရွာများသို့ ပြီးခဲ့သည့် နှစ်လတာအတွင်း ကျားများဝင်ရောက်တိုက်ခိုက်သဖြင့် လူခြောက်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း သစ်တောတာဝန်ရှိသူများက မတ် ၁၈ရက်တွင် ပြောကြားသည်။

နောက်ဆုံးသတင်းအရ စိမ့်တောအနီး ဆက်ခါလီရွာ၌ မတ် ၁၇ရက်က ရေလုပ်သားတစ်ဦး ကျားကိုက်ခံရ၍ သေဆုံးခဲ့သည်။ ထိုစိမ့်တောသည် မြို့တော်ဒါကာ အနောက်တောင်ဘက် ကီလိုမီတာ ၅၀၀အကွာတွင် တည်ရှိသည်။

ဆန်ဒါဘန်တောသည် ယူနက်စ်ကိုက ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုထားသော ထိန်းသိမ်းရေးတောတစ်ခုဖြစ်ပြီး ဘင်္ဂလားကျားများ နေထိုင်ကျက်စားသည့် အရပ်လည်းဖြစ်သည်။

ကျားကိုက်ခံရ၍ သေဆုံးသူများသည် များသောအားဖြင့် တောပတ်ဝန်းကျင်၌ ငါးဖမ်းသူများ သို့မဟုတ် လယ်ယာလုပ်ကိုင်နေသူများဖြစ်သည်။

ကျားတစ်ကောင်ဖမ်းမိ

ဂိုရီပူရွာ၌ ကျားတစ်ကောင်ကို အရှင်ဖမ်းမိခဲ့ပြီး စိမ့်တောသို့ပြန်ပို့ရန် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

မျိုးသုဉ်းတော့မည့် အနေအထားသို့ ရောက်နေသော ဘင်္ဂလားကျား တစ်ကောင်ကို ဒီဇင်ဘာလက ရွာသားများက သတ်ဖြတ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ကမ်းခြေများတွင် ပြီးခဲ့သည့်နှစ် နှောင်းပိုင်းအချိန်က ဆိုက်ကလုံးမုန်တိုင်း တိုက်ခတ်ခဲ့ပြီး နောက်ပိုင်း၌ ညပိုင်းတွင် ကျားများသည် ရွာများအတွင်းသို့ ဝင်ရောက်ချောင်းမြောင်းတိုက်ခိုက်မှုများတိုး၍ ဖြစ်ပေါ်လျက်ရှိသည်ဟု သစ်တောဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

သင်းကွဲကျားများ

မကြာသေးမီ လများကလည်း သင်းကွဲလာသည့်ကျားများ ပိုမိုများပြားလာသည်။ ၎င်းတို့သည် အစာရှာရန် သစ်တောအပြင်သို့ ထွက်လာကြခြင်းဖြစ်မည်ဟု သစ်တောဌာနမှ အထက်တန်းတာဝန်ရှိသူက ပြောကြားသည်။

အင်တာနက်။

အင်ဒိုနီးရှားအဒမ်အဲယားလိုင်း ပျံသန်းရေးရပ်ဆိုင်း

ဂျကာတာ မတ် ၂၂

အင်ဒိုနီးရှားနိုင်ငံ၌ လေယာဉ်မတော်တဆမှုများ ဆက်တိုက်ကြုံတွေ့နေပြီး ကြွေးမဆပ်နိုင်သော အခြေအနေကြောင့် လေယာဉ်ခဈေးနှုန်းချိုသာသည့် အဒမ်အဲယားလေကြောင်းလိုင်းသည် ပျံသန်းရေးအစီအစဉ်များကို ရပ်နားလိုက်ရကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးချုပ်က ယင်းလေယာဉ်လိုင်း၏ အန္တရာယ်ဖြစ်နိုင်သည့် အထောက်အထားများကို တွေ့ရှိပြီး ပျံသန်းမှုများကို အင်္ဂါနေ့ သန်းခေါင်ယံတွင် ရပ်ဆိုင်းစေလိုက်ကြောင်း ယင်းဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူဘန်ဘန်အာဖန်က ပြောကြားသည်။

သုံးလအတွင်း ၎င်းတို့၏ လေယာဉ်များကို ပြုပြင်ပြောင်းလဲတပ်ဆင်ရမှာဖြစ်ကြောင်း သို့မဟုတ်ပါက ၎င်းတို့၏ လေယာဉ်ပျံသန်းခွင့် ထောက်ခံချက်လက်မှတ်(အေအိုစီ)ကို ရုပ်သိမ်းရမည်ဖြစ်ကြောင်း အာဖန်ကဆက်လက်ပြောကြားသည်။ **အင်တာနက်။**

အီဂျစ်နှင့် ပါလက်စတိုင်းတို့ ဂါဇာသို့ဓာတ်ငွေ့ပေးပို့ရေးဆွေးနွေး

ကိုင်ရို မတ် ၂၂

အီဂျစ်မှ ဂါဇာကမ်းမြောင်ဒေသသို့ သဘာဝဓာတ်ငွေ့များ ပေးပို့ရေးကိစ္စနှင့်ပတ်သက်၍ ယခင်က သဘောတူညီမှု ရရှိထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန် နှစ်ဖက်အထက်တန်းအရာရှိများက နည်းလမ်းရှာဖွေလျက်ရှိကြောင်း မီနာသတင်းဌာနက မတ်၂၀ရက် သတင်းတွင် ထုတ်ပြန်သည်။

ဆွေးနွေး

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ အီဂျစ်သို့ အလည်အပတ်ရောက်နေသော ပါလက်စတိုင်း စွမ်းအင်နှင့်သယံဇာတဝန်ကြီး အိုးဆကီနာနားနှင့် အီဂျစ်ရေနံဝန်ကြီး အာမင်ဆာမီဆာမီအာဖာမီတို့ ဆွေးနွေးခဲ့ကြသည်။

သဘောတူညီထားပြီးဖြစ်သော ကိစ္စရပ်များကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် နှစ်ဖက်ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖာမီကပြောကြားသည်။

ဟားမတ်စ်များ ကြီးစိုးထားသော ဂါဇာဒေသကို အစ္စရေးတို့ပိတ်ဆို့ထားသည့်အတွက် ပါလက်စတိုင်းပြည်သူများ အခက်အခဲတွေ့နေရသည်ကို သက်သာစေရန် အီဂျစ်မှဓာတ်ငွေ့ပို့လွှတ်ရေး ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ပိတ်ဆို့မှုတိုးမြှင့်

ဂါဇာဒေသကို ဟားမတ်စ်တို့က ၂၀၀၇ခုနှစ် ဇွန်လက သိမ်းပိုက်ခဲ့ကြသည်။ ထိုအချိန် နောက်ပိုင်း ယင်းဒေသကို အစ္စရေးတို့က စီးပွားရေးပိတ်ဆို့မှုများတိုးမြှင့်ပြုလုပ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘယ်လ်ဂျီယံနိုင်ငံ အိုမင်တိရစ္ဆာန်ရုံတွင် မကြာမီက မွေးဖွားသော ခြင်္သေ့ဖြူသုံးကောင်ကို မတ် ၂၁ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

(၆၃)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

လက်ဆင့်ကမ်းတာဝန်

လှိုင်အောင်

စစ်သားဟောင်းကြီး ဦးဘမှန် ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း တပ်မတော်နေ့ စစ်ရေးပြအတွက် တပ်မတော်သားများ၏ စစ်ရေးပြလေ့ကျင့်နေပုံများ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနေသည်ကို ကြည့်နေသည်။ ရုပ်မြင်သံကြားမြင်ကွင်း၌ အရဏ်တက်စ ဖျိုးဖျရောင်နီအောက်တွင် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများ စစ်ရေးပြကွင်းထဲ၌ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုနေကြသည်။

“–ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။

– ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏သစ္စာကို စောင့်သိရိုသေပါမည်။

– ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။

– ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော် အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အမြဲအသင့်ရှိ၏။”

ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှ တပ်မတော်သားများနှင့်အတူ သစ္စာလေးချက်ကို စိတ်တွင်းမှ လိုက်ဆိုမိရင်း ဦးဘမှန်၏စိတ်များက အတိတ်ကြေးမုံပြင်အတွင်းသို့ ထွင်းဖောက်၍ ပြန်လည်ဝင်ရောက်သွားတော့သည်။

၁၉၆၀ ပြည့်လွန်နှစ်များ

ဝါးပေါက်သလို သေနတ်သံများနှင့် မီးတောက်မီးလျှံများက ညဥ့်အမှောင်ထုကို ထွင်းဖောက်၍ ပေါ်ထွက်လာသည်။ “ကျွန်းကလေးကို သူပုန်တွေဝင်စီးလို့တဲ့”ဟူသော သတင်းများက ပြန့်ထွက်လာသည်။ မူလတန်းကျောင်းသားလေး မောင်ဘမှန် အိမ်အောက်တွင် ခေါင်းပု၍ ဝင်ပုန်းနေခဲ့ရသည်။ မောင်ဘမှန်တို့ အိမ်ရှိရာ လက်ပံတန်းမြို့ ဘောလုံးကွင်းရပ်ကွက်က ကျွန်းကလေးရွာနှင့် သိပ်တော့မနီးလှပါ။ သို့သော် မြို့ထဲကိုပါ သူပုန်တွေ မတော်တဆဝင်လာလျှင် ဘယ်လိုလုပ်မလဲဟူသော အတွေးများဖြင့် လူ အများက ကြောက်လန့်တကြား ပြေးလွှားပုန်းရှောင်နေခဲ့ကြသည်။ ကျွန်းကလေးရွာသို့ ဝင်စီးသောသူများမှာ ကေအင်ဒီအိုသောင်းကျန်းသူများဟုဆိုသည်။ ပဲခူးရိုးမဘက်မှ ဆင်းလာကြခြင်းဖြစ်ပြီး သောင်းကျန်းသူများနှင့်အတူ ဆင်များနှင့် တွေ့သမျှ လုယက်ဖောက်သယ်သွားကြမည့် ခုတ်ခွာဖောက်သယ်များလည်း ပါလာကြသည်ဟုဆိုသည်။ “ဝင်လာကြတာက ကော်သူလေး ဆံရှည်တွေ၊ ကော်သူလေးတော်လှန်ရေး မအောင်မြင်မချင်း ဆံပင်မညှပ်ဘူးဆို ပြီး နေကြတာတဲ့၊ ပခုံးအထိ ဆံရှည်တွေဝဲလို့” ဆိုသော သတင်းများကိုလည်း ကြားခဲ့ရသည်။“သူတို့တော်လှန်ရေးဆိုတာ ရွာကို မီးရှို့ပြီး ပစ္စည်းတွေလုတာလား” ဟု ထိုစဉ်က မောင်ဘမှန် တွေးမိခဲ့သည်။ **အပြစ်မဲ့ ပြည်သူလူထုကို မိုင်းထောင်၊ ဗုံးခွဲ၊ ပစ်ခတ်၊ အကြမ်းဖက်တတ်သော သူတို့တော်လှန်ရေးက ယနေ့ထက်တိုင် အောင်မြင်ဖို့ အလှမ်းဝေးလှဆဲ။ ထိုစဉ်က ဖထီးများ ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေဦးမည်ဆိုပါက သူတို့ဆံပင်တွေ ဘယ်လောက်များ ရှည်နေလိမ့်မည်လဲဟု ဦးဘမှန် တွေးကြည့် နေမိသည်။ နိုင်ငံတော်၏ စေတနာမှန်နှင့် အခြေအနေမှန်ကို သဘောပေါက်သူများကား ငြိမ်းချမ်းရေး ရယူခဲ့ကြလေပြီ။**

၁၉၇၀ ပြည့်လွန်နှစ်များ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်လိုင် ပါဖန်ဒေသ၊ သံလွင်မြစ် အနောက်ဘက်ကမ်း တစ်နေရာတွင် ရဲမင်းအောင် စစ်ဆင်ရေးဖြင့် စစ်သားကလေး မောင်ဘမှန် ရောက်နေသည်။ သူတို့တပ်စုနေရာက ကျောက်ဆောင်တောင်စွန်းကလေးတစ်ခု ဖြစ်သည်။ ထိုစဉ်က ဗကပတို့နှင့် လုံးထွေးတိုက်ခိုက်ရင်း တပ်ကျုံကာ ပိတ်မိနေခြင်းဖြစ်သည်။ ဆုတ်ခွာခါနီး သွန်း၍ပစ်နေသော ရန်သူ့ကျည်များက မိုးသီးမိုးပေါက်သဖွယ်၊ သံလွင်မြစ်တစ်ဖက်ကမ်းမှ လှမ်းပစ်နေသော ဒသမ ၅ စက်သေနတ်ကြီးနှင့် ၅၇မမ နောက်ပွင့်ကျည်တို့ကလည်း မောင်ဘမှန်တို့ နောက်ကျောဘက်တွင် စည်းချက်ညီညီ ကျရောက်နေသည်။ ရှမ်းရိုးမ၏ အေးမြလန်းဆတ်သော လေထုထဲတွင် ယမ်းခိုးငွေ့များ၊ သွေးညှီနံ့များဖြင့် ပြည့်နှက်ညစ်ထေးလျက်ရှိသည်။ မောင်ဘမှန်တို့တပ်စု ရိက္ခာပြတ်နေသည်မှာကြာပြီ။ လွန်ခဲ့သည့် သုံး၊ လေးရက်က နောက်ဆုံးကျန်သည့် ထမင်းကြမ်းခဲ ဟန်းကောဖုံးတစ်ဖုံးစာကို ဒဏ်ရာရနေသည့် ရဲဘော်တစ်ယောက်အား ကျွေးလိုက်ပြီးနောက် ရေကိုပဲသောက်၍ နေခဲ့ကြရသည်။ ထိုရေသည်ပင် သက်စွန့်ဆံဖျား ဆင်း၍ရှာခဲ့ကြရခြင်းဖြစ်သည်။ တောင်ယာပျက်လျှိုစွန်းရှိ ရေထွက်မှ ရေခပ်ပြီးပြန်အတက်တွင် ရန်သူ့စက်သေနတ်ကျည်ဆန်အောက်မှ မကြောင်းလို တွားတက်ကာ ရေဘူးများကို

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

အပါသယ်ခဲ့ကြရသည်။ တောင်ယာတွေလည်း ပျက်ခဲ့ပြီ။ ရွာတွေလည်း ပြာဖြစ်ခဲ့ပြီ။ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးသည့် ပြည်တွင်းသောင်းကျန်းမှုကြီး ဘယ်တော့မှ အဆုံးသတ်နိုင်ပါမလဲဟု ကဒတ်ဥကို အဆာပြေစားရင်း မောင်ဘမှန် တွေးမိခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်စပ် မုံးကျွတ်၊ လွယ်မအံခမ်း ကြက်ဟင်းခါးသီးတောင်တစ်ဝိုက်တွင် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ကိုင်နေသည့် သောင်းကျန်းသူများကို မိုးဟိန်းစစ်ဆင်ရေး အဆင့်(၁၂)ဖြင့် နှိမ်နင်းရာတွင် မောင်ဘမှန်ပါဝင်ခဲ့သည်။ မူးယစ်မှောင်ခိုဟုဆိုသော်လည်း နယ်စပ်ကိုအမှီပြုပြီး အင်အားတောင့်တင်းနေသည့် ရန်သူဖြစ်၍ ၁၀၅ မမ၊ ၇၆ မမအမြောက်ကြီးများ ပစ်ကူယူ၍ တပ်မအဆင့်ဖြင့် စစ်ဆင်ခဲ့ရသည်။ လမ်းမရှိသည့် ကျောက်တောင်များကို ဖက်တွယ်တက်ကာ ကြက်ဟင်းခါးသီးသဖွယ် ဖုထစ်ကြမ်းတမ်းလှသည့် တောင်ကြောရှိ ရန်သူ့စခန်းများကို အသက်စွန့်၍ သိမ်းပိုက်ခဲ့ကြရသည်။ အသက်ပေါင်းများစွာပေး၍ သိမ်းပိုက်ထားခဲ့ရသော ရန်သူ့စခန်းများတွင် အခြေပြု၍ မကြာမြင့်မီ ၁၉၈၈ အရေးအခင်းကြောင့် ပြည်တွင်း၌ လုံခြုံရေးဆောင်ရွက်ရန် မောင်ဘမှန်တို့ စခန်းများကို ဖြုတ်၍ ပြန်လာခဲ့ကြရသည်။ တောမီးလောင်၍ တောကြောင် လက်ခမောင်းခတ်လိုသည့် မူးယစ်ဆေးဝါး သောင်းကျန်းသူများကား အလွယ်တကူ တက်၍ နေရာယူလိုက်ကြပြန်လေသည်။

၁၉၉၀ ပြည့်လွန်နှစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာ၌ စစ်သားအိုကြီး ကိုဘမှန် လုပ်အားပေးနေသည်။ **မိုင်းယန်း၊ မဲသဝေါနှင့် မာနယ်ပလော တိုက်ပွဲကြီးများနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး ရယူလာကြပြီးနောက် ကိုဘမှန်တို့ တပ်မတော်သားများသည် နိုင်ငံတော်ကို သွေးဖြင့်ရင်း၍ ကာကွယ်ခဲ့ရာမှ ချွေးဖြင့်ရင်း၍ တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လာကြရပြန်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင်သာမက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း စသည့် နေရာအနှံ့အပြား၊ မြန်မာနိုင်ငံအရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် တစ်နံတစ်လျား၌ လမ်းများ၊ တံတားများ ပေါင်းကူးယှက်သွယ်ခဲ့ရာတွင် တပ်မတော်သားများ၏ လုပ်အားကို ပေးလှူခဲ့ကြသည်။** တစ်ချိန်က ကိုဘမှန် တာဝန်ထမ်းဆောင်ခဲ့သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုင်၁၀၀ ကို ၁၀ ရက်ခန့် ရွံ့ဗွက်ရုန်း၍ ကားတွန်းကာ သွားခဲ့ရသော ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းခရီး၌ မုန်းလိုက် ချောင်းကူးတစ်ဝိုက် သောင်းကျန်းသူတို့၏ ကားမိုင်းထိ၍ လမ်းနံဘေး၌ တုံးလုံးပက်လက် ကျန်နေခဲ့သော တီအီး၊ ဟီးနိုးကားကြီးများကို ပြန်မြင်မိသည်။ ၁၈ မိုင်ခရီးကို တပ်ရင်းနှစ်ရင်းခန့်ဖြင့် ပို့ကြိုလုပ်ရင်း သောင်းကျန်းသူတို့ မီးရှို့ဖျက်ဆီးထားသော တံတားများကို ပြင်ကာ ဖြို့ချထားသော တောင်စောင်းလမ်းများကို မြေဖို့ရင်း ရှေ့တန်းစခန်းများကို ရိက္ခာပို့ခဲ့ရသည့် မိုင်းယောင်း၊ မိုင်းယုလမ်းမှာလည်း ယခုအခါ ဟိုင်းလက်စ်ကားများ ပြေးဆွဲနေပြီး တစ်နာရီခရီးမျှပင် မရှိတော့သည်ကို ရုပ်မြင်သံကြား၌ တွေ့မြင်ရသောအခါ ကိုဘမှန် ဝမ်းသာမိသည်။ ရှမ်းပြည်နယ် စစ်ဆင်ရေးမှ မွန်/ကရင်ပြည်နယ်ဘက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရစဉ် ဒုံသမိချောင်းနံဘေးမှ ရှေးခေတ် သစ်ထုတ်ကျောက် လမ်းဟောင်းပေါ်တွင် ပေါင်လုံးခန့် သစ်ပင်များပင် ပေါက်နေကာ ချောင်းစပ်များတွင် သောင်းကျန်းသူများ မိုင်းခွဲချိုးဖျက်ထားသည့် သံပေါင်တံတားများကို တွေ့မြင်ရသောအခါ ဝမ်းနည်းစိတ်မကောင်း ဖြစ်ခဲ့ရမှုများကို စာမျက်နှာ ၇ ကော်လံ ၁ သို့❑

မိုင်းယန်း၊ မဲသဝေါနှင့် မာနယ် ပလော တိုက်ပွဲကြီးများနောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး ရယူလာကြပြီးနောက် ကိုဘမှန်တို့ တပ်မတော်သားများသည် နိုင်ငံတော်ကို သွေးဖြင့်ရင်း၍ ကာကွယ်ခဲ့ရာမှ ချွေးဖြင့်ရင်း၍ တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်လာကြရပြန်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းတွင်သာမက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း စသည့် နေရာအနှံ့ အပြား၊ မြန်မာနိုင်ငံအရှေ့နှင့် အနောက်၊ တောင်နှင့် မြောက် တစ်နံတစ်လျား၌ လမ်းများ၊ တံတားများ ပေါင်းကူးယှက်သွယ်ခဲ့ရာတွင် တပ်မတော်သားများ၏ လုပ်အားကို ပေးလှူခဲ့ကြသည်။

အောင်တပ်မတော်

* ဂိမှာန်နွေနှောင်း၊ လတပေါင်း၏
ရွက်ဟောင်းလည်းကြွေ၊ ရွက်သစ်ဝေဆဲ
နေပင်ပူကျဲ၊ စစ်ဆင်နွှဲသည်
ရဲမာန်ဝင့်ဝင့်၊ အောင်ပွဲဆင့်သည့်
မိုးမြင့်ထက်ပျံ၊ ဒို့အောင်လံသည်
အောင်သံဝင့်ကြွား၊ ပြည်သူများ၏
အားမာန်အစစ်
ပြည်သူချစ်သည့် တပ်မတော်။
* တစ်ကိုးလေးငါး၊ ပြည်ချစ်သားတို့
စွမ်းအားပြည့်လွန်၊ မတ်နှစ်ခွန်၌
သူ့ကျွန်ဘဝ၊ လွတ်မြောက်ကြဖို့
ထကြွရန်းကန်၊ ရည်စိတ်သန်၍
တွန်းလှန်ခဲ့ကြ၊ လွတ်လပ်ရအောင်
နွှေအသက်ရင်း၊ ပေးဆပ်ခြင်းနှင့်
ရင်တွင်းကဖြစ်
သမိုင်းသစ်သည့် တပ်မတော်။
* တပ်မတော်သည်...
သမိုင်းစဉ်ဆက်၊ တိုင်းပြည်တွက်ဆို
အသက်ကိုနှင်း၊ ပေးဆပ်ခြင်းဖြင့်
ကောင်းခြင်းများစွာ၊ ပြည်မြန်မာကို
သာယာလှပ၊ ရွှန်းစိုမြအောင်
ခြယ်သဆေးရေး၊ ဖော်ကျူးပေးခဲ့
အထွေးအရှုပ်၊ လှိုင်းလေပုတ်လည်း
ငုတ်တုတ်မလဲ၊ အားမာန်ဖွဲ့ဖြင့်
ခိုင်မြဲပြည့်စုံ၊ စစ်မာန်ဟုန်နှင့်
မျိုးဂုဏ်အစစ်
ပြည်သူချစ်သည့် တပ်မတော်။ ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

နှင်းမောင်(ဇီးကုန်း)

❑ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ပြန်တွေးမိသည်။ နယ်မြေခက်ခဲ၍ လမ်းမသာ၊ လမ်းမသာ၍ မဖွံ့ဖြိုး၊ မဖွံ့ဖြိုး၍ သောင်းကျန်းသူခို၊ သောင်းကျန်းသူခိုလှုံ၍ မလုံခြုံ၊ မလုံခြုံ၍ လမ်းမသာ၊ လမ်းမသာ၍ မဖွံ့ဖြိုးစသည်ဖြင့် အဆိုးသံသရာလည်နေရသည့် ပြည်နယ်ဒေသများမှ သားချင်းများမှာ ငြိမ်းချမ်းရေးအရသာကို အမြန်ဆုံး ခံစားရကာ ဖွံ့ဖြိုးတိုးတက်ကြပါစေဟု ကိုဘမုန် ဆုတောင်းခဲ့သည်။

ယခုတော့ စစ်သားဟောင်းကြီး ဦးဘမုန် စိတ်အေးလက်အေး အနားယူနိုင်ပြီဟု ထင်သည်။ **နိုင်ငံတော်တစ်ဝန်းတွင် မည်သည့် ခေတ်နှင့်မျှ မတူအောင် တိုးတက်ဖွံ့ဖြိုး ပြောင်းလဲလာမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ပြည်သူတွေ လိုလားသည့် ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်နှင့် တိုင်းရင်းသား ညီနောင်များ လိုလားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်များကို စည်းကမ်းတကျ ပေးအပ်ထားသည့် အခြေခံဥပဒေမူကြမ်းလည်း ထွက်ပေါ်လာလေပြီ။**

မကြာမီ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပ၍ အခြေခံဥပဒေသစ်ကို အတည်ပြုကြတော့မည်။ ရာခိုင်နှုန်းပြည့် အားလုံး ကျေနပ်ဖို့ဆို သည်ကတော့ ဖြစ်နိုင်ဖွယ်မရှိ။ သိကြားမင်း နွားယောင် ဖန်ဆင်းသည်ကိုပင် အမြီးတိုသည်၊ ချိုကားသည်ဟု လုပ်တတ်ကြသော လူ့သဘာဝက ရှိသည်။ သို့သော် ပြည်သူအများစုက ကျေနပ်လက်ခံကြလိမ့်မည်ဟု ဦးဘမုန် မျှော်လင့်သည်။

ဦးဘမုန်၏ မြေး၊ မြစ်များ လက်ထက်တွင် ဦးဘမုန် ငယ်စဉ်ကလို သေနတ်သံကြား၍ အိမ်အောက် ဝင်မပုန်းကြစေလိုတော့ပါ။ လယ်ပစ်၊ ယာပစ်၊ အိမ်ပစ်၊ ရွာပစ် စွန့်ခွာထွက်ပြေး၍ စစ်ဘေးမှ ရှောင်ပုန်းကြရသည့် တိုင်းရင်းသားများကိုလည်း မမြင်မတွေ့လိုတော့ပါ။ အားလုံးချစ်ခင် စည်းလုံးစွာ နိုင်ငံတော်သစ် တည်ဆောက်ကြသည်ကို မြင်တွေ့သွားလိုသည်။

ဦးဘမုန်တို့အိုပါပြီ။ **ရှေ့ဆက်၍ နိုင်ငံတော်သစ် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည့် လုပ်ငန်းများကို လက်ဆင့်ကမ်း တာဝန်ယူကြရမည့် သူများမှာ တပ်မတော်သားလူငယ်များ၊ အသိပညာရှင် အတတ်ပညာရှင် လူငယ်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ တိုင်းရင်းသား လူငယ်များ အားလုံးပင် ဖြစ်သည်။ သည်လူငယ်တွေ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်အကျိုးကို သယ်ပိုးကြမှသာလျှင် ခေတ်အဆက်ဆက် မညီညွတ်မှုကြောင့် ခေတ်နောက်ကျအားနည်းနေခဲ့ရသော အမိနိုင်ငံတော်ကြီး ကမ္ဘာတွင် မော်ကြွားနိုင်ပေလိမ့်မည်။** ခါးသီးသည့် အတိတ်ကာလကို ကျော်လွန်ခဲ့ကြပါပြီ။ ဦးဘမုန် အနေဖြင့် ရွှေပြည်သစ်ကို မကြာမီ မြင်တွေ့ရတော့မည်ဟု တွေးထင်ယုံကြည် နေမိပါတော့သည်။ ။

---

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ရှိတဲ့ကျေးဇူးဆပ်ကြမယ်"တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၈း၀၀-၂း၀၀	Soccer Update
၈း၁၅-၂း၁၅	Sunday Talk (မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး) [ဦးအောင်ဒင်၊ ဦးသက်လွင်တိုး၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	သာယာပျော်ရွှင်စိမ်းလဲ့တင်
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	ညနေရိပ်တွင် လှပသစ်လွင်ခဲ့သော
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	"တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (ဗဟိုဖောက်စက်)
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅-၄း၃၅	Euro Goals
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၁)
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၃၀-၆း၃၀	လွင်မိုးခရီးသွားနေသည်(အပိုင်း-၉)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Man Utd-Liverpool	ESPN(Live)
၁၀း၂၅	Chelsea-Arsenal	ESPN(Live)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၀၈ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အီနမ်အူလ်ဟာ့ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၃-၂၀၀၈

ဟုမ္မလင်း
၀.၂၇ လက်မ

ပူတာအို
၀.၀၇ လက်မ

စက်မှု(၁) အထူးဈေးရောင်းပွဲတော် ပဲခူးမြို့၌ ကျင်းပမည်

နေပြည်တော် မတ် ၂၂

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပဲခူးမြို့ရှိ ပဲခူးတိုင်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လက်လီလက်ကားရောင်းချမည်

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန် ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ ခုနှစ် စတုတ္ထအကြိမ် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပွဲတော်ကို ဧပြီ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပရန် စီစဉ်ထားရာ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို မတ် ၂၅ ရက်မှ ၂၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ရုံးခန်း၌ လက်ခံမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက အဖွဲ့ချုပ်ရုံးခန်းတွင် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော လယ်ယာစိုက်ပျိုးရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာဧကေ	၂၃.၈	၅၃.၇၈	၂၉.၉၈
၂	မြေလွတ်မြေရိုင်းဧကေ(သန်း)	၂၆.၁	၁၀.၄	စိုက်မြေတိုး
၃	တည်ဆောက်ပြီးဆည်တမံ	၁၃၈	၃၄၄	၂၀၆
၄	တည်ဆောက်ဆဲဆည်တမံ	–	၄၀	၄၀
၅	ဆောင်ရွက်ပြီးမြစ်ရေတင်လုပ်ငန်း	–	၃၀၅	၃၀၅
၆	ဆောင်ရွက်ဆဲမြစ်ရေတင်လုပ်ငန်း	–	၂၉၈	၂၉၈
၇	စုစုပေါင်းအကျိုးပြုဧရိယာဧကေ(သန်း)	၁.၃၅	၅	၃.၆၅
၈	သီးထပ်ဧရိယာဖြစ်ထွန်းမှုဧကေ(သန်း)	၃.၈၉	၁၆.၈	၁၂.၉၁
၉	မိုးစပါးစိုက်ဧကေ(သန်း)	၁၁.၈၁	၁၇	၅.၁၉
၁၀	နွေစပါးစိုက်ဧကေ(သန်း)	–	၀.၅၈	၀.၅၈
၁၁	စုစုပေါင်းစပါးထုတ်လုပ်မှုတင်း(သန်း)	၆၃၀	၁၅၀၀	၈၇၀
၁၂	နိုင်ငံ့ဝမ်းစာဖူလုံမှုရာခိုင်နှုန်း	–	၁၅၂%	၁၅၂%
၁၃	ပဲမျိုးစုံစိုက်ဧကေ(သန်း)	၁.၈	၉.၈၉	၈.၀၉
၁၄	ဆီထွက်သီးနှံစိုက်ဧကေ(သန်း)	၁.၃၆	၈.၇၅	၇.၃၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသရှိ ဘိန်းအစားထိုး သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် စိုက်ပျိုးရေပေးဝေလျက်ရှိသော အလွမ်းဆွတ် မြစ်ရေတင်စီမံကိန်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာတွင် စိုက်ပျိုးရေပေးဝေလျက်ရှိသော ဒါးဆိပ် မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

ဝါးကတုတ် ရေကူရေလှောင်တမံ

ပဲခူးတိုင်း ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် ဝါးကတုတ် ရေကူရေလှောင်တမံ။

ကမ္ဘာ့သာသနာပြု ချမ်းမြေ့ဆရာတော် ဓမ္မသဘင်(အထူးတရားပွဲ)

ရန်ကုန် မတ် ၂၂

ကမ္ဘာ့သာသနာပြု ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသ မထေရ်မြတ်သည် မြန်မာသက္ကရာဇ်၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်နှင့် ၅ ရက် (မတ် ၂၅ ရက် အင်္ဂါနေ့နှင့် ၂၆ရက် ဗုဒ္ဓဟူးနေ့)တို့တွင် ညစဉ် ၇ နာရီမှစ၍ လှိုင်သာယာမြို့နယ် FMI City ရိပ်သာကျောင်း၌ ချမ်းမြေ့ဓမ္မသဘင် အထူးတရားပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အောင်စကြာကျောင်း သင်္ကြန်တွင်းတရားစခန်းပွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းတွင် ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ သင်္ကြန်တွင်း အချိန်ပိုင်းတရားစခန်းပွဲ ဖွင့်မည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် နေ့စဉ်နံနက် ၁၁ နာရီတွင် ကျောင်းသို့ အရောက်လာရမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် မိမိတို့အိမ်သို့ ပြန်ကြရမည်ဖြစ်သည်။ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်ကိုယ်တိုင် ဟောကြားပြသမည်ဖြစ်ပါ၍ မည်သူမဆိုလာရောက်၍ နာယူအားထုတ်နိုင်ကြောင်း သိရသည်။ ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

✱ ကျောဖုံးမှ

အော်တိုအိတ်ချိန်းရုံးရှေ့၌ ဆက်လက်ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း ရုံးသစ်အတွင်း စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းဖြင့် အဝေးဆက်သွယ်မှုကို စမ်းသပ်ခေါ်ယူစစ်ဆေးကြသည်။

အဆိုပါ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး ဖွင့်လှစ်ပေးနိုင်သဖြင့် ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အလုံး ၁၀၀၀ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မိုးကုတ်မြို့ ဥယျာဉ်ကျောင်းတိုက်၌ ကသဲအနောက်ကျောင်းတိုက် ဆရာတော် ဦးစန္ဒရံသီ အမှူးပြုသော သံဃာတော်တို့အား ဖူးမြော်ကြည်ညို၍ ပင့်သံဃာကိုးပါးအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၇း၄၅ ၅။ တေးဂီတအစီအစဉ်
၈း၀၀ ၆။ ရိုးရာကျေးလက်ကစားနည်း
၈း၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ "သတင်းကောင်း" (သျှားညို၊ ဆုပန်ထွာ) (ဒါရိုက်တာ-ညိုမြင်းလွင်)
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "အမြင်" (မင်းသူ၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-သက်တင်)**
၁း၀၀ ၆။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁း၂၅ ၈။ ကပ်တဲလ်ကြိုးတံတား
၁း၃၅ ၉။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း "မြမြင့်အောင်"(မြင်းခြံ)
၂း၀၀ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၂း၁၅ ၁၁။ အကပြိုင်ပွဲ
၂း၃၀ ၁၂။ တေးဂီတအစီအစဉ်
၂း၄၅ ၁၃။ International News.
၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၂၀ ၃။ "စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်" (ဖြိုးငွေစိုး၊ သဇင်) (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
၄း၃၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ "ပြည်သူ့အတွက်တပ်မတော်" သမိုင်းဂုဏ်ရောင်ထွန်းပြောင်သည့် ရှေးခေတ်မြန်မာ့တပ်မတော်)
၆း၅၀ ၁၁။ "သားကောင်းမိခင်"(အပိုင်း-၃) [လွင်မိုး၊နေတိုး၊ဇင်ဝိုင်း၊ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း] (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသအခြေအနေ
၁၅။ "သားကောင်းမိခင်"(အပိုင်း-၄) [လွင်မိုး၊နေတိုး၊ဇင်ဝိုင်း၊ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း] (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၆။ အစီအစဉ်ပြီး၏။

● (၆၃)နှစ်မြောက်မှ

ရှေ့တန်းစစ်ဆင်ရေးတွေ များပါတယ်"ဟု သရုပ်ဆောင် သူထူးစံက ဖြေကြားသည်။

ယခုဇာတ်ကား၌ သူထူးစံ၏ ရှေ့တန်းစစ်မြေပြင်တွင် တပ်မတော်အရာရှိတစ်ဦး ဟန်အပြည့် မာန်အပြည့် သရုပ်ဆောင်မှုများကို ပီပီပြင်ပြင် တွေ့မြင်ရမည်ဖြစ်သလို ရဲဘော်များနှင့် တစ်သားတည်း တာဝန်ထမ်းဆောင်မှုများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

ထို့နောက် ယခုဇာတ်ကားတွင် စိတ်ဝင်စားစရာ အကောင်းဆုံး ဇာတ်ဝင်ခန်းနှင့် ပတ်သက်၍လည်း "ဒီဇာတ်ကားမှာ စိတ်ဝင်စားစရာကောင်းတာက ရှမ်းစကားသင်ပြီး ရှမ်းစကားပြောရတဲ့ အခန်းပါပဲ။ စစ်ဘက်ဆိုင်ရာ သရုပ်ဆောင်မှု အခန်းတွေမှာတော့ ဇာတ်ညွှန်းရေးတဲ့ ဗိုလ်ကြီးတင်အောင်စိုးက အကြံဉာဏ်နဲ့ အကူအညီပေးပါတယ်။ ဒီဇာတ်ကားကို ကျွန်တော် တစ်လနဲ့ ၁၀ ရက် အချိန်ပေးပြီး သရုပ်ဆောင်ခဲ့တာပါ"ဟု သူထူးစံက ဆက်လက်ရှင်းပြသည်။

သူထူးစံ၏ တပ်မတော်အရာရှိအဖြစ် သရုပ်ဆောင်မှုများမှာ အံ့သြစရာကောင်းအောင် ပီပြင်မှုရှိ၍ သောင်းကျန်းသူတစ်ဦးကို ဖမ်းမိပြီး စစ်ဆေးသည့်အခန်းများ၌ ပြောကြားသည့် စကားများနှင့် သရုပ်ဆောင်မှု၊ ရှေ့တန်းထွက်မည့်အချိန် သူ့ရဲဘော်များအား တစ်ဦးချင်းဆန္ဒကို မေးမြန်းသည့် အခန်းများက တကယ့်စစ်မြေပြင်မြင်ကွင်း၌ ကြည့်နေရသလို ထပ်တူကျလျက်ရှိနေသည်။

ထို့အပြင် ခေတ္တစခန်းချရာ ကျေးရွာ၌ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ပါရှိလာသည့် ရိက္ခာများထဲမှ လှူဒါန်းပုံအခန်းများက တပ်မတော်သားများအနေဖြင့် ရောက်ရှိရာအရပ်၌ အလှူဒါနပြုမှုနှင့် ဘာသာရေး အလေးထားမှုများကို ဖော်ပြလျက်ရှိနေသည်။

"ဒီ ဇာတ်ကားမှာ စိတ်ဝင် စား စရာ ကောင်းတာ က ရှမ်းစကား သင်ပြီး ရှမ်းစကား ပြော ရ တဲ့ အခန်းပါပဲ" (သရုပ်ဆောင် သူထူးစံ)

ထို့နောက် "သစ္စာမော်ကွန်း" ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် ပြေတီဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် "တပ်မတော်နေ့ ဂုဏ်ပြုရုပ်ရှင်ဇာတ်ကားမှာ ပထမဆုံး ပါဝင်သရုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ကျွန်တော်က သက်မွန်မြင့်ရဲ့အစ်ကို စဝ်ဆေးဆမ်နေရာက သောင်းကျန်းသူခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်တာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ကျွန်တော်တို့ ပင်ပင်ပန်းပန်း ရိုက်ကူးထားခဲ့တာဖြစ်ပြီး စိတ်တိုင်းကျလည်း သရုပ်ဆောင်ထားပါတယ်"ဟု ရှင်းပြသည်။

သောင်းကျန်းသူ ခေါင်းဆောင် စဝ်ဆေးဆမ်အဖြစ် သရုပ်ဆောင်ထားမှုများက သဘာဝကျလွန်းသည်ဖြစ်ရာ အမူအရာ လှုပ်ရှားမှုနဲ့ မျက်နှာအနေအထားများကအစ ပြေတီဦးလုပ်ကွက်များမှာ ပရိသတ်ရင်ကို ငြိအောင် အားပါလှသည်။ လုပ်ပိုင်ခွင့်ရှိသည့် ဇာတ်ရုပ်အခန်းများကို ပိုင်နိုင်စွာ သရုပ်ဆောင်ထားမှုများမှာ မှင်တက်မိစရာကောင်းအောင် ဆွဲဆောင်လှသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း "သစ္စာမော်ကွန်း" ဇာတ်လမ်း၏ ဇာတ်ဝင်ခန်းတစ်ခန်း ရိုက်ကူးနေစဉ်။

မိုင်းထောင်၊ လူသတ်အလုပ်များကို မလုပ်ဘဲ မိမိဒေသကို ချစ်မြတ်နိုးသောစိတ်ဖြင့် သောင်းကျန်းသူခေါင်းဆောင် ပြုလုပ်သော်လည်း အဖေ၊ အမေ၊ ညီမငယ်များအားလုံး မိမိတို့၏ သောင်းကျန်းသူတပ်ဖွဲ့မှ သတ်ဖြတ်လိုက်ခြင်းကြောင့် တုန်လှုပ်ချောက်ချားမှုဖြစ်ပြီး မိမိတို့လုပ်ရပ်များအပေါ် ပြန်သုံးသပ်မိကာ အလင်းဝင်ဖို့ ဆုံးဖြတ်ခဲ့မှုအခန်းများမှာ ပရိသတ်အား ဆွဲခေါ်သွားစေနိုင်သည့် ပြေတီဦး၏ သရုပ်ဆောင်မှုကို တွေ့မြင်ကြရမည်ဖြစ်သည်။

"ကျွန် တော့် အ နု ပညာ အား ကို အပြည့် ထည့် သုံးပြီး သရုပ် ဆောင် ခဲ့ တာ မို့ အရမ်းပင်ပန်းခဲ့ ပေမယ့် ပျော်ပါ တယ်" (သရုပ်ဆောင် ပြေတီဦး)

အလင်းဝင်ဖို့ ဆုံးဖြတ်သော စဝ်ဆေးဆမ်(ပြေတီဦး)အား သူ၏လက်ထောက် ညီနန္ဒက ပစ်သတ်ရန် ကြိုးစားစဉ် ဗိုလ်ကြီးနေဦးက အသက်ကယ်ခဲ့ပြီးနောက် အံ့သြဝမ်းသာမှုအခန်းများကလည်း ထိထိမိမိ ရှိလှသည်။

နောက်ဆုံး အလင်းဝင်ခန်း၌ ပြေတီဦး၏ မျက်နှာအမူအရာ အဆင့်ဆင့် ပြောင်းလဲသွားပုံများကလည်း စကားလုံးတစ်လုံးမျှ ဖွင့်မပြောခဲ့သော်လည်း စကားပေါင်းများစွာ ပြောသလိုမျိုးဖြစ်အောင် သရုပ်ဆောင်သွားနိုင်ခဲ့သည်။ "ကျွန်တော့် အနုပညာအားကို အပြည့်ထည့်သုံးပြီး သရုပ်ဆောင်ခဲ့တာမို့ အရမ်းပင်ပန်းခဲ့ပေမယ့် ပျော်ပါတယ်"ဟု ပြေတီဦးက ပြောပြသွားသည်။

ထို့ကြောင့် ရသမျိုးစုံကို ပေးစွမ်းကာ ပရိသတ်များ နှစ်သက်သဘောကျစေမည့် "သစ္စာမော်ကွန်း" ဇာတ်ကားဖြစ်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ပါသည်။ ။

ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော ကလေးလူနာများအား အာဟာရဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Mo Asia Co., Ltd. Dumex မှ ရန်ကုန်ကလေးဆေးရုံကြီး သို့ငွေကျပ် ၁၂၀၀၀၀၀ တန်ဖိုးရှိ Dumex နို့မှုန့်များ လှူဒါန်းပွဲကို မတ် ၂၀ ရက်တွင် ကလေးဆေးရုံကြီး၌ ကျင်းပရာ မန်နေဂျာ ဒေါက်တာဒေါ်ဖြူတီကြည်က Dumex နို့မှုန့်များ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်း လက်ခံယူစဉ်။ (ကြေးမုံ)

သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၂

သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၁၆ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ သာရဝေါစိုးကြည်နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) တွဲဖက်အတွင်းရေးမှူး(၁) တက္ကသိုလ်သန်း**(အောက်ပုံ)**တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အသက် (၈၃)နှစ်ရှိ ကျန်းမာရေးချို့တဲ့နေသော သက်ကြီးစာပေပညာရှင် "မင်းလု လုသွင်" (မော်ကွန်းဝင်ဒုတိယဆင့်)အား ထောက်ပံ့ငွေပေးအပ်ပြီး သာကေတ မြို့နယ်မှ ထုတ်ဝေသော ကျွန်းမြသာမဂ္ဂဇင်း အမှတ်(၃)စာအုပ် ၅၅ အုပ်နှင့် အခြားမဂ္ဂဇင်း၊ ဝတ္ထု၊ ဂျာနယ် အပါအဝင် စုစုပေါင်း ၃၀၀ ကျော်ကို မြို့နယ်အတွင်းမှ စာကြည့်တိုက်များအတွက် မြို့နယ်ပြန်/ဆက် ဦးစီးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။ (မြို့နယ်စာပေ/စာနယ်ဇင်း)

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၂

ဆကာကြီးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက်ခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကြည်ထူး (ညွှန်ကြားရေးမှူး၊ ထွေအုပ်-အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အသက်(၈၀)ပြည့်နှင့်အထက်သက်ကြီးဘိုးဘွား ၇၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းနှင့် ကြွရောက်ကန်တော့ခံကြသော ဘိုးဘွားများအား ဗလာမပါ ကံစမ်းမဲဖောက်၍ ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်မှ ချီးမြှင့်သော ပါရဂူဘွဲ့ရပုဂ္ဂိုလ်လေးဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသူ၊ကျောင်းသား ၂၀ တို့အား ပညာရည်ချွန်ဆုများ ချီးမြှင့်ခဲ့သည်။ ထို့နောက် ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီးအေးကြူ)တို့ ပါဝင်သော အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မအူပင်သဘာဝဓာတ်ငွေ့မြေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ဒေသ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အသစ်ထပ်မံရှာဖွေတွေ့ရှိထားသည့် မအူပင် သဘာဝဓာတ်ငွေ့မြေကို သွားရောက်ပြီး မအူပင်(တောင်) တွင်းအမှတ်(၅)မှ သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ တူးဖော်ထုတ်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာ ဦးမြင့်ကျော်က မအူပင်(တောင်) တွင်းအမှတ်(၅)ကို အောင်မြင်စွာ တူးဖော်စမ်းသပ်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ တာဝန်ရှိသူများက မအူပင်ဒေသ အတွင်း သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု အခြေအနေများ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဒွေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ယခု တွေ့ရှိထားသည့် မအူပင်ဒေသနှင့် ဘူမိ အနေအထား ဆက်စပ်လျက်ရှိသော အခြားရေနံနှင့်သဘာဝဓာတ်ငွေ့အလားအလာကောင်းများကို သေချာစွာ လေ့လာသုံးသပ်ပြီး ရှာဖွေရေးတွင်းသစ်များကို ဆက်လက်တူးဖော်စမ်းသပ်သွားကြရန်၊ မအူပင်(တောင်)ဒေသ၌ ထုတ်လုပ်ရေးတွင်းများကို အမြန်ဆုံး ဆက်လက်တူးဖော်သွားရန်နှင့် ပေနက်ပိုင်း အလားအလာကောင်းများရှိသည့် မအူပင်

အနောက်ပိုင်း ရေလဲကလေးဒေသ၌လည်း ရှာဖွေရေးတွင်းများ တူးဖော်စမ်းသပ်သွားရန် မှာကြားပြီး ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများ၊ တွင်းတူးစက် နေရာချထားမှု အစီအစဉ်များ၊ တွင်းတူးဖော်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ်များနှင့် မအူပင်ဒေသမှ ထပ်မံရရှိလာမည့် သဘာဝဓာတ်ငွေ့များကို ရန်ကုန်တိုင်းရှိ စက်ရုံများသို့ တိုးတက်ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်များကို ချမှတ်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက မအူပင်(တောင်)တွင်းအမှတ်(၅)ကို အောင်မြင်စွာ တူးဖော် ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ အဆိုပါ တွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၂ဒသမ ၅၄၃ သန်းကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိပြီး မအူပင် သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ်သဘာဝဓာတ်ငွေ့ကုဗပေ ၈ဒသမ ၆ သန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ မအူပင် (တောင်) တွင်းအမှတ်(၅)မှ သဘာဝဓာတ်ငွေ့များ အောင်မြင်စွာ တူးဖော်ထုတ်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်း၍ တင်ပြချက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

သမိုင်းဝင် ကျိုက္ကစံဆံ တော်ရှင်စေတီတော်မြတ်ကြီးတွင် တနင်္လာထောင့် ဆီမီးခုံတည်ဆောက်ရန် သဃ်္ဃန်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ ခေမာသီလမ်းနေ ဦးထွန်းသန်း-ဒေါ်ခင်မြစိန်တို့က မတ် ၇ရက်တွင် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေး အတွင်းရေးမှူး ဦးမြင့်သိန်း လက်ခံစဉ်။ (က-ပ)

"ပ" သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဒုတိယအကြိမ် ဆွမ်းပဒေသာပင်အတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးကျန်မာ-ဒေါ်ဂေတွမ်၊ ဦးယုကြည်-ဒေါ်ဟိုတို့အား ရည်စူး၍ ဦးမြင့်လွင်-ဒေါ်အေးအေးနွယ် (မိသားစု) ကိုယ်စား ဦးမြင့်ဇင်က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးကံညွန့် လက်ခံယူစဉ်။ (က-ပ)

အင်္ဂလိပ်-မြန်မာ အထွေထွေသုတ အက်ဆေးဆောင်းပါးများ စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် မတ် ၂၂

စာရေးဆရာ ဆရာမြ၏ မြတ်ဗုဒ္ဓ၊ FAပရီမီယားလိဂ် ဘောလုံးသမိုင်းနှင့် HIV/ AIDS မဖြစ်အောင်နေပါ အပါအဝင် အင်္ဂလိပ်-မြန်မာအထွေထွေသုတ အက်ဆေးဆောင်းပါးများ စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် မြတ်ဗုဒ္ဓ၊အက်ဖ်အေပရီမီယားလိဂ် ဘောလုံးသမိုင်း၊ ဆေးရုံ၊ ပင်လယ်ရေထဲ ဆားခတ်သူ၊ ရွှေချစ်သူများ၊ ရောဂါပိုးကို သေစေသော ပဋိဇီဝဆေး၊ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် မဖြစ်အောင်နေပါ စသည့် ဆောင်းပါး ၁၁ပုဒ်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည်။

စာရေးသူ၏ ကမ္ဘာ့ဖလားသမိုင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကျောင်းသားလူငယ်၊ ကမ္ဘာ့အထွေထွေသုတ ဆောင်းပါး ပေါင်းချုပ်စာအုပ်ကို ၂၀၀၇ ခုနှစ် ဇွန်လတွင် ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်သည်။ **(ဝဲပုံ)**

စာရေးသူသည် ၂၀၀၅ ခုနှစ်တွင် အငြိမ်းစားသံမှူး မြတ်ထွန်းဦး အမည်ဖြင့် အပြည်ပြည်ဆိုင်ရာ သံတမန်ဆက်ဆံရေး စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စာရေးသူသည်နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ၁၉၈၀ ပြည့်နှစ်မှစတင်၍ သံအရာရှိ၊ လက်ထောက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရှိ မြန်မာနိုင်ငံသံရုံးအသီးသီးတွင် တတိယအတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ ပထမ အတွင်းဝန်နှင့် သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့သူဖြစ်သည်။ ယခုအခါ မြန်မာ အားကစားသတင်းနှင့် မြန်မာ အားကစား ဆောင်းပါးများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး English Versionဖြင့် Websiteတွင် တစ်ပတ်နှစ်ကြိမ် ရေးသားလျက်ရှိသည်။

အဆိုပါ စာအုပ်ကို မြတ်ထွန်းဦး စာပေ၊ အခန်း (၅)၊ တိုက်(၁၇၀/၂)၊ ပထမသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၂၂၃၈၆၊ ၂၂၅၆၈၅ တို့မှ ပုံနှိပ်ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မတ် ၂၀ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ်၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် နွေရာသီကျောင်း ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လေးတင့် အမှာစကား ပြောကြားစဉ်။ (ပညာရေး)

ကသာခရိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၂၂

ကသာခရိုင်အတွင်းရှိ မြို့နယ်(၇) မြို့နယ်မှ အသင်းဝင်မိသားစုများ၏ နှစ်စဉ်ကျင်းပမြဲ သင်းလုံးကျွတ်အစည်းအဝေးတွင် အသက် ၇၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ကန်တော့ခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်မိသားစုများ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းတို့ကို မတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်

အသင်းဝင် မဟုတ်သော်လည်း ရန်ကုန်မြို့တွင် ရောက်ရှိနေပါက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် ဆက်သွယ်လိုပါက အသင်းဥက္ကဋ္ဌ ဦးညွန့်ဦး ဖုန်း-၅၇၃၀၁၉၊ ဒုတိယ ဥက္ကဋ္ဌ ဦးရွှေမိုး ဖုန်း-၆၄၂၄၆၄၊ ဦးခင်မောင်လင်း ဖုန်း-၅၀၀၄၈၈၊ ဒုတိယ ဗိုလ်မှူးကြီးမောင်ကို (ငြိမ်း) ဖုန်း-၅၆၀၉၈၁၊ ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၆၆၃၆၄၁၊ တွဲဖက် အတွင်းရေးမှူး ဦးမွှေးတင် ဖုန်း-၅၅၀ ၄၆၂ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း နှိုးဆော်ထားသည်။

(က-ပ)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဟိုတယ်လုပ်ငန်းများတွင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် "လူများကို ကျေနပ်ပျော်ရွှင်စေခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်း" Economic Growth Through Delighting the People အကြောင်း အရာကို ပါမောက္ခ ဒေါက်တာ တင်စိုးက မတ် ၂၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ယုဇနဂါးဒင်းဟိုတယ်၌ ဆွေးနွေးဟောပြောမည် ဖြစ်သည်။ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း အခန်းအမှတ် (၁၀၁) ရွှေသံလွင်ကွန်ဒို တက္ကသိုလ်ရိပ်သာလမ်းသစ် ဖုန်း- ၅၅၄၉၈၀၊ ၅၅၄၉၈၁၊ ၅၅၄၉၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မီးပွိုင့်များတွင် C.C.TVနှင့် Red LightCamera များ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် ချုံကျင်းမြို့များသို့ သွားရောက်လေ့လာမည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဒုတိယဌာနမှူး ဦးစိုးမြိုင် ခေါင်းဆောင်သော လေ့လာရေးအဖွဲ့အား မတ် ၁၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (က-ပ)

ဘိုးဘွားမိဘများအား ရည်စူး၍ ဦးအောင်ဇော်မြင့်-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာ မြတ်မြတ်အုန်းခင်နှင့် သားသမီးများက ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ ရေသန့်စက်တစ်လုံးနှင့် အလှူငွေကျပ် ခုနစ်သိန်းကို မတ် ၁၂ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ စမ်းစမ်းလှိုင် လက်ခံယူစဉ်။ (၂၃)

❒ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကျောက်တန်းတံတားသည် အရှည် ၄၅၂ပေ၊ ၅လက်မ၊ တံတား အကျယ် ၃၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လမ်းတစ်ဖက် တစ်ချက် လူသွားလမ်းအကျယ် လေးပေစီရှိပြီး ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် ဧပြီ ၁၅ ရက်တွင် ရခိုင်ပြည်နယ် ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ စေတနာနှင့် ရည်ရွယ်ချက်ကို **"ဟိုးတုန်းက ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် စီးပွားရေး တွက်ခြေကိုက်၊ မကိုက် ပြန်သုံးသပ်တယ်။ ကျွန်တော်တို့က စီးပွားရေး တွက်ခြေကိုက်၊ မကိုက် ပြန်သုံးသပ်တာမဟုတ်ဘူး၊ ဒီဒေသဖွံ့ဖြိုးတိုးတက်ရမယ် ဆိုတဲ့အခါမှာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လုပ်ပေးတာဖြစ်ပါတယ်၊ ဒါကြောင့် တိုင်းရင်းသား အားလုံး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေချင်တယ်"**ဟု မိန့်ကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏စေတနာကို သိရှိနားလည်ပြီး မိမိတို့ပြည်နယ်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ ဝိုင်းဝန်းစွမ်းဆောင် ကြိုးပမ်းကြရမည်ဖြစ်သည်ဆိုသည်ကို သိရှိသဘောပေါက် နားလည်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ရခိုင်ပြည်နယ်အပေါ် စေတနာအပြည့်အဝထားပြီး ငွေကြေးမြောက်မြားစွာဖြင့် လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း စသည့် အခြေခံအဆောက်အအုံများ အထိုက်အလျောက်ပြည့်စုံအောင် တည်ဆောက် ပေးပြီးဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများက ယနေ့ဖွင့်လှစ်လိုက်သည့် ကျောက်တန်းတံတားအပါအဝင် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ရခိုင်ပြည်နယ်သည် ခရီးသွားလာမှုကို ကန့်သတ် ထားသည့် ချောင်းများ၊ မြစ်များ၊ တောင်တန်းများ များပြားခြင်းကြောင့် လမ်းပန်းဆက်သွယ်မှုချောမွေ့စေရန် တံတားများ၊ လမ်းများ တည်ဆောက် ပေးရန် လိုအပ်သည်ကို နိုင်ငံတော်က ရည်မှန်းချက်ထားပြီး ဆောင်ရွက် ပေးခဲ့သည်မှာ ဤတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၂၁၂ စင်းနှင့် လမ်းမိုင် ၅၆၇၉ မိုင်ကို တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း။

ယခုဆိုလျှင် ရခိုင်ပြည်နယ်အတွင်း၌ ဤကျောက်တန်းတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတား ၃၆စင်း၊ လမ်းမိုင် ၅၉၂မိုင် တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ဤတံတားသည် ရန်ကုန်-စစ်တွေ လမ်းမပေါ်၌ တည်ရှိပြီး အရှည် ၄၅၂ ပေခွဲ ရှိသည့် သံကူကွန်ကရစ် တံတားပင်ဖြစ်ကြောင်း၊ ယခင်က တစ်လမ်းသွား ဘေလီကြိုးတံတားဖြစ်ပြီး တံတားခံနိုင်ဝန် ၁၃ တန်သာရှိ၍ ကန့်သတ်ချက်ရှိခဲ့ရာ ယခုဆိုလျှင် ယာဉ်နှစ်လမ်းသွားလာနိုင်ပြီး တံတားခံနိုင် ဝန်တန် ၆၀ အဆင့်အထိ တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်မှာ ရန်ကုန်-စစ်တွေလမ်းမကြီး၏ အမ်း-စစ်တွေ အပိုင်းသည် ၂၀၂ မိုင် ၃ဖာလုံနှင့် ရန်ကုန်-ကျောက်ဖြူလမ်း၏ တောင်ကုတ်-မအီ- ကျောက်ဖြူ လမ်းအပိုင်း မိုင် ၁၂၀ ကို တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

ဆက်လက်ပြီး ပိန္နဲတောင်-ရမ်းဗြဲလမ်း ၉ မိုင်၊ ပဒဲကျော-တပ်တောင် လမ်း ၇မိုင်၊ အမ်း-ပဒဲကျော-မအီလမ်း ၄၁ မိုင် ၅ ဖာလုံကို ကျောက်ချော လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ယခုအခါ ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ငါးသိုင်း ချောင်း-ဂွလမ်း စသည့် ကားလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ် အသွယ်သွယ်တို့ကို ဖောက်လုပ်တည်ဆောက်ပေးထားရာ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးနှင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့နှင့်ပါ လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်လျက် ရှိပြီဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာမှုနှင့်အတူ ကုန်စည် ဖလှယ်ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း ပြောကြား သွားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီးဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်တို့က ကျောက်တန်းတံတားကို ဖဲကြိုး ဖြတ်၍ဖွင့်လှစ်ပေးကြပြီး ပရိသတ်တို့နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ကျောက်တန်းတံတား ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးပြီး ဝန်ကြီးနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သည့် ကျောက်တန်းတံတားမှာ ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့် အထက် ၂၁၂ စင်းမြောက် တံတားဖြစ်ပြီး ရခိုင်ပြည်နယ်အနေဖြင့် ၃၆ စင်းမြောက် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။ ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေ လမ်းအပိုင်း)ပေါ်တွင် တည်ရှိသော တံတားတစ်စင်းဖြစ်ပြီး ဤတံတားကြီး တည်ဆောက်ပြီးစီးသည့်အတွက် ပြည်နယ်၊ ပြည်မ ဆက်သွယ် သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းအလှူဒါန

ပအိုဝ်းတိုင်းရင်းသားတို့၏ တပေါင်းလပြည့် အထိမ်းအမှတ် စုပေါင်းအလှူဒါနပွဲတော်တွင် အလှူပဒေသာပင်များအား စီတန်း လှည့်လည်လာစဉ်။

ပအိုဝ်းတိုင်းရင်းသားတို့၏ တပေါင်းလပြည့် စုပေါင်းအလှူပွဲ

သတင်း-သန်းဝေ(တောင်ကြီး)၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

တောင်ကြီး မတ် ၂၁

ပအိုဝ်းတိုင်းရင်းသားတို့၏ တပေါင်းလပြည့်အထိမ်းအမှတ် စုပေါင်းအလှူဒါနပွဲတော်ကို မတ် ၂၁ ရက် နံနက် ၈ နာရီမှစ၍ တောင်ကြီးမြို့ပေါ်နှင့် ကျေးရွာများ၊ ဟိုပုန်း၊ဆီဆိုင်၊ညောင်ရွှေ၊ ကလော၊ ပင်လောင်းမြို့နယ်များနှင့် ကျောက်တလုံး၊ နောင်တရားတို့မှ ပအိုဝ်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ စာပေယဉ်ကျေးမှု အဖွဲ့ဝင်များ စုပေါင်းကာ တောင်ကြီးမြို့ ညောင်ဖြူ စခန်းစုရပ်မှ ဗိုလ်ချုပ်အောင်ဆန်း လမ်းမအတိုင်း အလှူပဒေသာပင်ပေါင်း ၃၇ပင်နှင့် သက်န်း အစရှိသော အလှူပစ္စည်းများဖြင့် စီတန်းလှည့်လည်ကာ ကျောင်းကြီးစုရပ်ရှိ ပထမတောင် ကျောင်းကြီး ပရိယတ္တိစာသင်တိုက်သို့ အက၊အခုန်၊အတီး၊အမှုတ်များဖြင့် ပျော်ရွှင်စွာ ပို့ဆောင်ကြသည်။

နံနက် ၁၀ နာရီခွဲတွင် တောင်ကျောင်းကြီးစာသင်တိုက် ဆွမ်းစားဆောင်တွင် ပင့်သံဃာအပါး ၄၀၀ ကျော်တို့ကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး မွန်းတည့် ၁၂နာရီတွင် ပအိုဝ်းတိုင်းရင်းသား စာအောင် သံဃာတော် ဓမ္မာစရိယအောင် ခုနစ်ပါး၊ ပထမကြီးတန်းအောင် ၁၀၆ ပါးနှင့် သီလရှင်လေးပါးတို့အား ဂုဏ်ပြု ပူဇော်ပွဲ ကျင်းပသည်။

ဆက်လက်၍ တောင်ကြီးမြို့ ဝိသာခါဓမ္မစကြာဝတ်အဖွဲ့မှ စာအောင် သံဃာတော်နှင့် သီလရှင်တို့အား ဂုဏ်ပြုကဗျာလင်္ကာတို့ဖြင့် ရွတ်ဖတ် ပူဇော်ကြပြီး တက်ရောက်လာကြသော အလှူရှင်များက စာအောင် သံဃာတော်များ၊ သီလရှင်များကို ဂုဏ်ပြုလွှာ၊ သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်ကြသည်။

အလှူအနုမောဒနာ တရားတော်ကို ဥတ္တရာရုံဆရာတော်က ဟောကြားပြီး ရေစက်ချတရား ချီးမြှင့်ရာ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဝင်းကို နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရေစက်ချ၍ အမျှဝေကာ စုပေါင်းအလှူပွဲတော်ကြီးသို့ တက်ရောက်သူအားလုံးက သာဓုခေါ်ဆိုရုပ်သိမ်းလိုက်သည်။

တပေါင်းလပြည့် စုပေါင်း အလှူပွဲတော်တွင်လှူဒါန်းသော ပဒေသာပင်နှင့် အလှူငွေတန်ဖိုးမှာ ကျပ်သိန်း ၃၀ ကျော်ရှိကြောင်း သိရသည်။ (၃၀၅)

ဓမ္မစာအုပ် အလှူတော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၂

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္က ဖောင်ဒေးရှင်း (IDF)၏ မြတ်ဗုဒ္ဓ အဘိဓမ္မာနှင့် ဝိပဿနာပြန့်ပွားရေး တရားအလှူတော်လုပ်ငန်းမှ 2008 Dhamma Propagation Project နှစ်ဦး ကုသိုလ် ပြု အစီအစဉ်အရ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ကင်ဆာဖောင်ဒေးရှင်း၊ ပရဟိတလုပ်ငန်းများ၊ စာကြည့်တိုက်များသို့ ဝေဒနာရင်ဆိုင်နည်းနှင့် တရားရှုမှတ်နည်း သစ္စာဓမ္မစာအုပ်များ VCD/MP3များကိုမတ် ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ ဆေးရုံများသို့ ပထမအကြိမ် ပေးပို့လှူဒါန်းပွဲ များ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဓမ္မစာအုပ် အလှူတော်ပွဲတွင် IDFမှ ထုတ်ဝေခဲ့သော အလိုတော်ပြည့် ဆရာတော်ကြီး၏ (လက်တွေ့) သုဒ္ဓဝိပဿနာ ရှုမှတ်နည်းစာအုပ်၊ (လက်တွေ့) အာနာပါန ရှုမှတ်နည်းစာအုပ်၊ ဝေဒနာရှင်များအတွက် ၁၅ မိနစ် တရားရှုမှတ်နည်းစာအုပ်များနှင့် အခြားသစ္စာဓမ္မစာအုပ်များ၊ မဂ္ဂဇင်းများ၊ တရားရှုမှတ်နည်း VCD/MP3 များ ပါဝင်မည်ဖြစ်ရာ နှစ်ဦးကုသိုလ် အမြတ်ဆုံး ဓမ္မဒါနတရားအလှူတော်အဖြစ် ပါဝင်လှူဒါန်းလိုသော စေတနာရှင်များသည် (IDF)အကျိုးတော်ဆောင် ချုပ်ဆရာဓမ္မစက္က ဦးမောင်မောင်၊ ဖုန်း- ၀၉၅၁၂၇၃၃၀၊ ဓမ္မရောင်ခြည် စာပေ တိုက်၇၂၇၊မာဃ(၄)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်၊ ၁၄၇၊ ၅၁လမ်း (အထက်) ဖုန်း-၂၉၇၂၇၅၊ ၀၉၉၀၃၀ ၁၇၁ သို့ ဆက်သွယ်၍ ဓမ္မစာအုပ်များကို အထူးနှုန်းဖြင့် ပါဝင် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

မြတ်သန္တာ သကြ်န်တရားစခန်း

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္တာ မဟာစည်ရိပ်သာ၌ ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အခြေခံမှစ၍ အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ကမ္မဋ္ဌာနာစရိယ)က ဟောကြား ပြသမည်။ ယောဂီ ၅၀ သာ လက်ခံမည်။ တရား စခန်းဝင်လိုသူများ ဖုန်း-၇၀၇၄၉၇၊ ၀၉-၅၁၇၆၅၇၃၊ ၀၉-၅၁၇၆၅၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)၊ (၁၅) ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ ရက် မွန်းလွဲ ၂နာရီက မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး လုပ်ငန်းအဖွဲ့(၁၄)၊ (၁၅)အဖွဲ့ခေါင်းဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အမှာစကားပြောကြားစဉ်။ (က-ပ)

သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူ ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၂

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက် နံနက် ၆ နာရီခန့်တွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာ အမှတ်(၃)ရပ်ကွက်မှ (အဘ) ဦးညို၏ သား အောင်ခိုင်ထွန်း အသက်(၂၇)နှစ်သည် အဖော်များနှင့်အတူ အင်ဖက်ကောက်ရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး အောင်ခိုင်ထွန်း၏ ဘယ်ဘက်ခြေသလုံးမိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည်။

မိုင်းစထိမှန်ဒဏ်ရာရရှိသူ အောင်ခိုင်ထွန်းအား တာဝန်ရှိသူများက မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမား များအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်သောင်းနှင့် ဦးသိန်းဇော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များအား တွေ့ဆုံမှာကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မိုးကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများဖြစ်ကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မတ် ၂၀ ရက်တွင် မိုးကုတ်မြို့ မြို့နယ်အားကစားခန်းမ၌ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ကျပ်ပြင် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရုံးရှေ့၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကျပ်ပြင် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းရုံး မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း အဆောက်အအုံအတွင်း စက်များ တပ်ဆင်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ အော်တိုတယ်လီဖုန်းများအား အဝေးဆက်သွယ်မှုကို စမ်းသပ်ခေါ်ယူ စစ်ဆေးကြသည်။

အဆိုပါ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း ဖွင့်လှစ်ပေးနိုင်သဖြင့် ကျပ်ပြင်၌ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း အလုံး ၅၀၀ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်အသုံးပြုနိုင်ကြောင်း သိရှိရသည်။

အလားတူ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အခမ်းအနားကို မိုးကုတ်မြို့ မြို့မအုပ်စု၊ ဗိုလ်ကုန်းရပ်ကွက် စုပေါင်းရုံးဝင်း ဒစ်ဂျစ်တယ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

အောင်ပွဲရ ရွှေတန်းပြန်

အောင်ပွဲရ တပ်မတော်သားတို့ ရွှေတန်းမှအပြန် ဇာတ်ဝင်ခန်းကို ဤကဲ့သို့ ပီပြင်စွာ ရိုက်ကူးခဲ့သည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း ပါဝင်သရုပ်ဆောင်သူများ၏ စိတ်ဝင်စားဖွယ် ပြောစကားများ

အမေးအရေး–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၂

"သစ္စာမော်ကွန်း"အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို (၆၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် မကြာမီ ထုတ်လွှင့်တော့မည်ဖြစ်သည်။ ပြည်သူချစ်သော အနုပညာရှင်များစွာ ပါဝင်ရိုက်ကူးထားသဖြင့် ပရိသတ်များကလည်း စိတ်ဝင်စားလျက်ရှိရာ ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်မည့်ရက်ကို စောင့်မျှော်နေကြပြီဖြစ်သည်။

ထို့ကြောင့် "သစ္စာမော်ကွန်း"ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် သူထူးစံနှင့်တွေ့ဆုံကာ ယခုဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားမှုအပေါ် မေးမြန်းခဲ့ရာ "ဒီဇာတ်ကားမှာ ကျွန်တော်က ဗိုလ်ကြီးနေဦးအဖြစ် သရုပ်ဆောင်ထားပါတယ်။ တောင်ကြီးတက္ကသိုလ်မှာ ကျောင်းသားဘဝရိုက်ကူးခဲ့ရတဲ့ အခန်းတွေက ငယ်ရွယ်စဉ် လွတ်လွတ်လပ်လပ်နဲ့ဆိုတော့ ပျော်စရာလဲကောင်းပါတယ်။ ကျောင်းသားဘဝပြီးတော့ နောက်ပိုင်းမှာ သရုပ်ဆောင်ထားရတဲ့ အခန်းတွေက

စာမျက်နှာ ၉ ကော်လံ ၃ သို့ ●

စွန့်လွှတ်စွန့်စား တပ်မတော်သားတို့၏ ဇွဲသတ္တိနှင့် အားမာန်ကို ဖော်ကျူးသည့် ပြကွက်မှာလည်း ဤကဲ့သို့ သဘာဝကျကျ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး